ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လကွယ်၊ တနင်္လာနေ့။ Monday, 20 October 2025 ၁၁၉၇၆


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# စိုက်ပျိုးရေးလုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်

## အားကစားကွင်းများ အဆင့်မြှင့်တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးသကဲ့သို့ အားကစားကဏ္ဍတိုးတက်ရေးဆောင်ရွက်

## ရွေးကောက်ပွဲသည် နိုင်ငံအတွက်အရေးကြီးသဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေး အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်) တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**


တပ်ကုန်းမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၉

နိုင်ငံတော်ရှေ့သီးဖို့ ကျွမ်းကျင်အစေးခြစ်လုပ်သားများ မွေးထုတ်ပေးကြစို့ ဆောင်းပါး စာမျက်နှာ » ၁၀

မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ အခမဲ့မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများ လှူဒါန်းထောက်ပံ့ စာမျက်နှာ » ၂၀

၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း (၁-၁၀-၂၀၂၅ ရက်နေ့မှ ၁၅-၁၀-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် စာမျက်နှာ » ၂၂

ကြေးမုံ

# စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီစနစ်ကို သိက္ခာရှိသည့်ရွေးကောက်ပွဲဖြင့်ဖော်ဆောင်

လွှတ်တော်အသီးသီးအတွက် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ယနေ့ဆိုလျှင် ရွေးကောက်ပွဲကျင်းပရန် ရက်အားဖြင့် ၆၉ ရက်သာလိုတော့သည်။ ရွေးကောက်ပွဲတွင် မဲပေးရန်အတွက် ပထမအကြိမ် မဲစာရင်းများကို ကပ်ထားကြေညာခဲ့ပြီးဖြစ်သည်။ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် သတ်မှတ်ထားသောပုံစံဖြင့်စွက်ပြီး လျှောက်ထားကြကာ နောက်ဆုံးအတည်ပြုမဲစာရင်းများကို ထုတ်ပြန်ပေးဦးမည်ဖြစ်သည်။

မဲဆန္ဒရှင်၊ ပါတီနှင့်ကိုယ်စားလှယ်လောင်းများနှင့်ပတ်သက်သည့် ဆောင်ရွက်ဖွယ်ရာများ၊ ဆောင်ရန်၊ ရှောင်ရန် ဥပဒေထုတ်ပြန်ချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လုပ်ငန်းစဉ်များအလိုက် အဆက်မပြတ်အသိပေးထုတ်ပြန်လျက်ရှိသည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအားလုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြစေလိုသော်လည်း သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်ညီညွတ်မှသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရနိုင်မည်ဖြစ်သည်။ နိုင်ငံရေးပါတီအားလုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရနိုင်စေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ကာလအတွင်း တင်ပြရမည့် ပါတီဝင်အင်အား၊ ဖွင့်လှစ်ရမည့် ပါတီရုံးခန်းအရေအတွက်တို့ကို ဖြေလျှော့ပေးခဲ့သော်လည်း သတ်မှတ်ထားသည့်အတိုင်း မတင်သွင်းနိုင်သည့် ပါတီ ၄ ပါတီကို ဖျက်သိမ်းခဲ့ရသည်။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများတွင် စက်တင်ဘာလ ၈ ရက်နေ့မှ စက်တင်ဘာလ ၂၂ ရက်နေ့အထိ အမည်စာရင်းများတင်သွင်းခဲ့ကြသည်။ အဆိုပါကိုယ်စားလှယ်လောင်းများအား သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက စက်တင်ဘာလ ၂၃ ရက်နေ့မှ အောက်တိုဘာလ ၄ ရက်နေ့အထိ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်းကို ဆောင်ရွက်ခဲ့ကြပြီးဖြစ်၍ အတည်ပြုထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများ၌ အောက်တိုဘာလ ၁၉ ရက်နေ့တွင် တစ်ပြိုင်တည်း ကြေညာခဲ့သည်။

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အတည်ပြုကြေညာထားသည့် နိုင်ငံရေးပါတီကိုယ်စားပြုမဲအများဆုံးရသူ အနိုင်ယူစနစ် ကိုယ်စားလှယ်လောင်းများ၊ အချိုးကျကိုယ်စားပြုစနစ်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲအနိုင်ရရေးအတွက် မဲဆွယ်စည်းရုံးမှုများပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတမှုရှိစေရန်နှင့် တည်ငြိမ်အေးချမ်းသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရန်လိုအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ (အောက်တိုဘာလ ၂၈ ရက်နေ့ နံနက် ၆ နာရီမှ ဒီဇင်ဘာလ ၂၆ ရက်နေ့ည ၁၂ နာရီအထိ) ခွင့်ပြုပေးထားကြောင်း အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့်မဲဆွယ်စည်းရုံးခြင်းတို့ကို ကြေညာချက်ထုတ်ပြန် အသိပေးပြီးဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြနိုင်ရေး ဆောင်ရွက်ရတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပမည့် အပိုင်းတစ်ပိုင်းတည်းအတွက်သာမက ရွေးကောက်ပွဲအပိုင်းအားလုံးအတွက် ဖော်ပြပါကာလများအတွင်း မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရတော့မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်သည့်အခါ ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က၊ နည်းဥပဒေအခန်း(၁၀)ပါ သတ်မှတ်ချက်များ၊ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များနှင့် အခန်း(၁၄)တွင်ပါရှိသည့် တရားမဲ့ပြုကျင့်မှုများကို အထူးသတိပြုကြရန် လိုအပ်ပါသည်။ သက်ဆိုင်ရာပါတီဝင်များ၊ ပါတီထောက်ခံသူများကိုလည်း သိရှိထားရန်၊ အသိပေးထိန်းကျောင်းပေးရန်လိုအပ်ပါသည်။ သတ်မှတ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေများအလိုက် အရေးယူခံရနိုင်သည်ကို သတိပြုရန်လိုပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့် ငြိစွန်းခြင်းမရှိစေရေးကိုလည်း အထူးသတိပြုဆောင်ရွက်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ လွှတ်တော်(၃)ရပ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် သတ်မှတ်ထားသည့် စည်းကမ်းဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ခုံအဖွဲ့ဖွဲ့စည်းပြီး အရည်အချင်းပျက်ယွင်းသူအဖြစ် ကြေညာခြင်းခံရနိုင်သည်။ ရွေးကောက်ပွဲဆိုသည်မှာ ကော်မရှင်တစ်ခုတည်းအနေဖြင့် ဆောင်ရွက်၍မရဘဲ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ လွတ်လပ်၍တရားမျှတပြီး ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက် အမှတ် (M9) တွင် Phase 1E & Infill Development Drilling Campaign လုပ်ငန်းများအား Semi- Tender Assist Drilling Rig, GUO HAI TAI HE “GHTH” (Call Sign: 5LBM6) ဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Phase 1E & Infill Development Drilling Campaign လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းနှင့် တည်နေရာများကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **Restricted Area Boundary Coordinates for 1E & Infilled**

| Point | Latitude | Longitude |
|---|---|---|
| A | 14 ° 37 ' 27. 17 " N | 95 ° 29 ' 46.07 " E |
| B | 14 ° 37 ' 27.17 " N | 96 ° 11 ' 59.67 " E |
| C | 13 ° 59 ' 52.93 " N | 96 ° 11 ' 59.67 " E |
| D | 13 ° 59 ' 52.93 " N | 95 ° 51 ' 09.04 " E |
| E | 13 ° 52 ' 11. 00 " N | 95 ° 51 ' 09.04 " E |
| F | 13 ° 52 ' 11. 00 " N | 95 ° 29 ' 46.07 " E |
| A | 14 ° 37 ' 27. 17 " N | 95 ° 29 ' 46.07 " E |

(ခ) **Tentative Schedule for Drilling with GUO HAI TAI HE “GHTH” Rig for M9**

| Platform Name | Latitude | Longitude |
|---|---|---|
| ZWP-04 | 14 ° 01 ' 34.14 " N | 95 ° 49 ' 21.29 " E |
| ZWP-18 | 13 ° 57 ' 00.17 " N | 95 ° 46 ' 05.52 " E |
| ZWP-07 | 14 ° 10 ' 37.97 " N | 96 ° 04 ' 48.02 " E |
| ZWP-16 | 14 ° 15 ' 20.16 " N | 95 ° 33 ' 27.38 " E |
| ZWP-06 | 14 ° 08 ' 28.68 " N | 95 ° 51 ' 24.77 " E |
| ZWP-17 | 14 ° 31 ' 04.83 " N | 96 ° 00 ' 37.08 " E |
| ZWP-19 | 14 ° 15 ' 24.15 " N | 95 ° 56 ' 51.01 " E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ် (M9) တွင် Phase 1E & Infill Development Drilling Campaign လုပ်ငန်းများအား Semi-Tender Assist Drilling Rig, GUO HAI TAI HE “GHTH” (Call Sign: 5LBM6) ဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် ဧရိယာအကျယ်အဝန်းနှင့် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

## ၁၉ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ အောက်တိုဘာ ၂၁ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ် မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။ ■

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ပုသိမ်မြို့သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပုသိမ်မြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား မြို့နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ သစ်စိမ်းမြေဩဇာများ ထည့်သွင်းဆောင်ရွက်လျက်ရှိမှု၊ မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အသားတင်၊ သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်မှုအခြေအနေများ၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ဆီဖူလုံမှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ဆောင်ရွက်လျက်ရှိမှု၊ ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်မှု၊ နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေများဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ တိုးတက်စေရေး စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ပညာရည်မြင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အားကစားကဏ္ဍမြင့်တင်ရေး ဆောင်ရွက်ပေးနိုင်မှု၊ ခရီးသွားများ ဝင်ရောက်လျက်ရှိမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ပုသိမ်-ရန်ကုန်လမ်းပိုင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ပုသိမ်-ငွေဆောင်သွား ကားလမ်းပေါ်ရှိ သလပ်ခွာတံတားအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှု၊ အဆင့်မီ ဘက်စုံသုံးအားကစားကွင်း တည်ဆောက်ပေးစေလိုမှု၊ နိုင်ငံတော်၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမှု၊ ပီလောပီနံများ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုမှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME ကုန်ထုတ်လုပ်ငန်းများအား နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လမ်းပန်းဆက်သွယ်မှုများ မြန်ဆန်ချောမွေ့မှုရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးလျာထား ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေများရရှိရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးမြေများ တိုးချဲ့ရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့်အခြားကဏ္ဍအလိုက်အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဧရာဝတီတိုင်းဒေသကြီး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ အရည်အသွေး ကောင်းမွန်သည့် ထုတ်ကုန်များ ဖြစ်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ဥပမာအားဖြင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့် စပါးများ၏ Eating Quality များ ကောင်းမွန်ရန်လိုပြီး အရေအတွက် ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ ☆

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်**

❖ **တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့် စပါးများ၏** Eating Quality **များ ကောင်းမွန်ရန်လိုပြီး အရေအတွက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လို**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ(MSME)မှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၃ မှ

အဓိကအားဖြင့် လုပ်သမျှ အကျိုးခံစားနိုင်ရန် အထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်အနေဖြင့် မိုးစပါးတင်း ၁၀၀၊ နွေစပါးတင်း ၁၁၀ ထားရှိကြောင်း၊ စိုက်ပျိုးကေများ မှန်ကန်ရန်နှင့် အထွက်နှုန်းများတိုးတက်မှုရှိရန်လိုကြောင်း၊ ဒေသအားလုံးသို့ သွားရောက်နိုင်ခြင်းမရှိသော်လည်း အချို့ဒေသများတွင် ကွင်းဆင်းကောက်ယူနိုင်ကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိစေရေး တာဝန်ရှိသူများက စနစ်တကျကောက်ယူသွားရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့် ပတ်သက်၍ မြေကို စနစ်တကျအသုံးချရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ လယ်စိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ရေနက်ကွင်းများဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ ရေနက်ကွင်းများအား မြေပြုပြင်သည့် လယ်စပါးစိုက်ပျိုးခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက် သွားရန်လိုကြောင်း၊ ရေနက်ကွင်းများကို စနစ်တကျ အသုံးချဆောင်ရွက်မည်ဆိုပါက သား၊ ငါးထုတ်လုပ်မှုကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ထိပ်ဆုံးတွင် ရှိနေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးဖြင့်စနစ်တကျစိုက်ပျိုးကြရန်လိုကြောင်း၊ လယ်မြေများအား ကေကွက်များအဖြစ် ဖော်ထုတ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

### ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်

စပါးစိုက်ပျိုးမှု လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ စပါးစိုက်ပျိုးမှုများကို ပင်ကြား၊ တန်းကြားမှန်မှန်ကန်ကန်နှင့် ကောက်ကွက်ပြည့်မီအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ လယ်မြေများအား မြေပြုပြင်၍ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

မွေးမြူရေးနှင့် ပတ်သက်၍ မြို့တွင်ရှိပြီးဖြစ်သည့် ဒေသတွင်းစားရေး အထောက်အကူဖြစ်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား ကောင်းမွန်လာမည်ဆိုပါက ထိုက်သင့်သည့်ဈေးနှုန်းဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဆိုပါက ပြည်ပပို့ကုန်များတိုးတက်လာပြီး နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိလာမည် ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံခြားငွေများရရှိလာမည်ဆိုပါက နိုင်ငံ့စီးပွားရေးတိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို အမှန်တကယ်လုပ်ရန်လိုကြောင်း၊ အထွက်နှုန်းများ ရာနှုန်းပြည့်ထုတ်လုပ်ပြီး ပို့ကုန်ပစ္စည်းများ ထုတ်လုပ်၍ နိုင်ငံခြားငွေများရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးသည် အမှန်တကယ်ကောင်းမွန်သည့် အမျိုးအစားဖြစ်သဖြင့်ပေါ်ဆန်းမွှေးကို တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပမှနှစ်စဉ် တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများသုံးစွဲရလျက်ရှိကြောင်း၊ ဆီဖူလုံရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့နေရာများ၌ နေကြာစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ထို့ကြောင့် နေကြာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပဲပုပ်၊ နေကြာ၊ မြေပဲ၊ နှမ်း စသည့် ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်

★ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

★ အဆင့်မြင့်ပညာကဏ္ဍနှင့် ပတ်သက်၍ သင်ကြားခြင်းနှင့် သင်ယူမှုများတိုးတက်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်စေရေး မိမိအနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

ရေးဆောင်ရွက် သွားရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး အတွင်း တိရစ္ဆာန်အစားအစာများထွက်ရှိကြောင်း၊ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို ပိုမိုတိုးချဲ့ မွေးမြူဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုများ နည်းပါးနေသေးကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍနှင့် ပတ်သက်၍ သင်ကြားခြင်းနှင့် သင်ယူမှုများတိုးတက်စေရေး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်စေရေး မိမိအနေဖြင့်တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများ အဆင့်မြင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးသကဲ့သို့ အဆင့်မီရေကူးကန်များကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပချိန်တွင်လည်း ပွဲကြည့်ပရိသတ်များရှိရန် လိုကြောင်း၊ အားကစားနှင့်ပတ်သက်၍ နည်းပြများ ပြည့်စုံစွာရှိရန်လိုကြောင်း၊ အားကစားတိုးတက်ရေးအတွက် ကြံ့ခိုင်ရေးနည်းပြနှင့် နည်းစနစ်နည်းပြများထားရှိရန်လိုကြောင်း၊ အားကစားကဏ္ဍ တိုးတက်ရေးဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဗိုလ်မြတ်ထွန်းတံတားမှ ပုသိမ်မြို့အထိ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ သလပ်ခွာတံတားအဆင့်မြှင့်တင်ပေးစေလိုမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြေယာနှင့်ပတ်သက်၍ မြေလွတ်မြေရိုင်းများအား အမှန်တကယ်စိုက်ပျိုးသွားမည်ဆိုပါက ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း အခြားနည်းများဖြင့် သုံးစွဲခြင်းများမရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေကိုအကျိုးရှိစွာဖြင့်အသုံးချရန်လိုပြီး ပုသိမ်မြို့ အပါအဝင် ပြည်နှင့်တိုင်းမြို့ကြီးများ၌ အဆင့်မီအဆောက်အအုံများ ဆောက်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ပြများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက စနစ်တကျဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် သစ်ပင်သစ်တောများ ရှင်သန်ဖြစ်ထွန်းစေရေး အတွက်လည်း ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဝါးများပေါများစွာ ထွက်ရှိကြောင်း၊ ဝါးများကိုအသုံးပြု၍ ပျော့ဖတ်များနှင့် စက္ကူများ ထုတ်လုပ်နိုင်သကဲ့သို့ လူသုံးကုန်ပစ္စည်းများလည်းထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါးအခြေခံသည့် ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲ မကျင်းပနိုင်သည့် မြို့နယ်များကို ကြားဖြတ်ရွေးကောက်ပွဲကျင်းပချိန်တွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဲမသမာမှု ပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသူများဖြစ်ရန်လိုပြီးအမှန်တကယ်တိုင်းပြည်နှင့် ဒေသအကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံအတွက်အရေးကြီးသဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (MSME) မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်)တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်) တည်ဆောက်ပြီးစီးမှုနှင့် ရေကူးကန်အတွင်းအခြေခံ ရေကူးနှင့် ဒိုင်ဗင်သင်တန်းသား သင်တန်းသူများ ရေကူးလေ့ကျင့်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုသိမ်လေဆိပ်သို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပုသိမ်လေဆိပ်အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပုသိမ်လေယာဉ်ကွင်းအား ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်ကိုကာကွယ်နိုင်ရန်အတွက် စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန်လို တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းစေရေး တပ်မတော်အနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပုသိမ် တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား ယနေ့နံနက်ပိုင်း တွင် အနောက်တောင်တိုင်းစစ် ဌာနချုပ် ရောဝတီခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနား သို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီး များနှင့်ဇနီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြား ရာတွင် တပ်မတော်ကိုနိုင်ငံတော်၏ ပြည်တွင်းပြည်ပရန်ကို ကာကွယ် ရန် ဖွဲ့စည်းထားရှိခြင်းဖြစ် ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် ကို ကာကွယ်နိုင်ရန်အတွက် စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန် လိုကြောင်း၊ အလားတူ ပြည်သူများမှ အပြည့် အဝ ယုံကြည်ကိုးစားသည့် တပ်မတော်ဖြစ်ရန် လိုကြောင်း၊ ဒေသအလိုက် တာဝန်ထမ်းဆောင် နေသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများ တစ်သားတည်း ဖြစ်အောင် လုပ်ဆောင်ပြီး ဒေသလုံခြုံတည်ငြိမ်အေးချမ်းရေး ကို ထိရောက်စွာဖြင့် ဆောင်ရွက် နိုင်ရေးလုပ်ဆောင်ရန် လိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော် ၏ အခြေအနေအရ ၂၀၂၁ ခုနှစ် တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ နိုင်ငံတော်တာဝန်များကို




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက် ဖွယ်ရာများပေးအပ်ရာ တိုင်းမှူးက လက်ခံရယူစဉ်။

ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ၎င်းကာလအတွင်း ဆန္ဒပြမှုများမှ တစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှု များအထိ ဖြစ်ပေါ်ခဲ့သဖြင့် မိမိတို့ အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ ကြောင်း၊ ယခုအခါနိုင်ငံတစ်ဝန်း ထိုက်သင့်သလောက် တည်ငြိမ် အေးချမ်းနေပြီဖြစ်ပြီး တစ်နိုင်ငံလုံး တည်ငြိမ် အေးချမ်းစေရေး တပ်မတော်အနေဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ အနေဖြင့် ဒီမိုကရေစီလမ်းကြောင်း ပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ် သောကြောင့် လွှတ်လပ်ပြီး တရား မျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း။

တပ်မတော်သား တစ်ဦးချင်း အနေဖြင့် လုပ်သင့်လုပ်ထိုက်သည် များကို မပျက်မကွက် လုပ်ဆောင် နေရန်လိုကြောင်း၊ အလားတူနေ့စဉ် ဆောင်ရွက်ရမည့် ဦး၊ ရေး၊ ထောက် ဆိုင်ရာ လုပ်ငန်းတာဝန်များကို မပျက်မကွက် ဆောင်ရွက်နေရန် လိုကြောင်း၊ အမိန့်နှင့် ညွှန်ကြား ချက်များအတိုင်း လိုက်နာဆောင် ရွက်ခြင်းသည်လည်း မိမိတို့တပ် ကို အရည်အသွေးရှိသည့်တပ် ဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ် ကြောင်း၊ မိမိတို့၏ လူနေမှုဘဝကို ထိခိုက်စေမည့် အသောက်အစား အပျော်အပါးများကို တတ်နိုင်သမျှ ရှောင်ရှားရန်လိုကြောင်း၊ မိမိကိုယ် ကို တပ်မတော်သားကောင်းတစ်ဦး ဆိုသည့် စိတ်ဖြင့် ထိန်းသိမ်း ဆောင်ရွက်ကြရန် လိုကြောင်း၊ တပ်မတော်သားများ ဖြစ်သည်နှင့် အညီ ဝတ်စားဆင်ယင်မှုများ၊ သွားလာ နေထိုင်မှုများမှအစ စည်းကမ်းနှင့်အညီ နေထိုင်ကြရန် လိုကြောင်း။

တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာ ချောင်ချိရေးအတွက် ဆောင်ရွက် ပေးလျက်ရှိသကဲ့သို့ အရာရှိ၊ စစ်သည်၊ မိသားစုများ အနေဖြင့် လည်း တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ကို တတ်နိုင်သမျှ အောင်မြင် အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိ ရေးအတွက် လုပ်သင့်လုပ်ထိုက် သည်များကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေး အုပ်ချုပ်ရသူ များအနေဖြင့် အဆင့်ဆင့်စနစ် တကျ စီမံခန့်ခွဲနိုင်ရမည်ဖြစ် ကြောင်း၊ တပ်မတော်တွင် တာဝန် ထမ်းဆောင်နေစဉ် ကာလအတွင်း တပ်မတော်ကို ကောင်းအောင် တစ်ဦးချင်း ဝိုင်းဝန်းဆောင်ရွက် ကြရန် လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကုန်ထုတ် လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ ခြင်းကြောင့် ခေတ်အဆက်ဆက် တွင် သယံဇာတပစ္စည်းများကို ထုတ်ယူ သုံးစွဲခဲ့ကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အခြေခံအားဖြင့် ရှိပြီးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း များ တိုးတက်ထုတ်လုပ်နိုင်ရေး တပ်မတော်သားများ အနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်လျက်ရှိ သည့် ဒေသအလိုက် ပြည်သူများ အား ဝိုင်းဝန်းကူညီဆောင်ရွက်ပေး ကြရန်လိုကြောင်း၊ ထိုသို့ဆောင် ရွက်ခြင်းဖြင့် နိုင်ငံအတွက် ထုတ်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ပြီး နိုင်ငံ့စီးပွားမြင့် တင်ရေးအတွက် အထောက်အကူ ပြုစေမည်ဖြစ်ကြောင်း။

လက်နက်ကိုင် အကြမ်းဖက်မှု များကြောင့် တည်ငြိမ်မှု ပျက်ပြား နေမည်ဆိုပါက စီးပွားရေးလုပ်ငန်း များကိုဆောင်ရွက်နိုင်မည် မဟုတ် ကြောင်း၊ ထို့ကြောင့် လက်နက်ကိုင် အကြမ်းဖက်မှုများ ချုပ်ငြိမ်းပြီး ဒေသတည်ငြိမ်အေးချမ်းမှု ရှိစေ ရေး မဖြစ်မနေဆောင်ရွက်သွားကြ ရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိ သည့်တပ်၊ စွမ်းအားရှိသည့်တပ် များဖြစ်အောင် တည်ဆောက်ပြီး နိုင်ငံ့အကျိုး၊ တပ်မတော်အကျိုးနှင့် ဒေသအကျိုးအတွက် ဆောင်ရွက် သွားကြရန်လိုကြောင်း ပြောကြား သည်။ **စာမျက်နှာ ၆ သို့** ★

စာမျက်နှာ ၆ သို့

- **မိမိတို့နိုင်ငံတွင် အခြေခံအားဖြင့်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး တပ်မတော်သားများအနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒေသအလိုက် ပြည်သူများအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်လို**
- **ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး နိုင်ငံ့စီးပွားမြင့်တင်ရေး အတွက် အထောက်အကူပြုစေမည်ဖြစ်**

★ စာမျက်နှာ ၅ မှ

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက်နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက် ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံ လိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီးသည်လည်းဆေးရုံ တက်ရောက် ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေး အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ပုသိမ်တပ်နယ်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ကြည့်ရှုအားပေးစဉ်။

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ရှန်ဟိုင်းမြို့၌ ကျင်းပသည့် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ပို့ကုန်/သွင်းကုန် အစားအစာလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဆိုင်ရာ ညီလာခံတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများအကြား အစားအစာနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ကုန်သွယ်မှုကဏ္ဍတွင် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန် “Deepen Cooperation Mechanism, Promote Agrifood Trade”ခေါင်းစဉ်ဖြင့် ကျင်းပသည့် ညီလာခံသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။




အဆိုပါညီလာခံကို ပို့ကုန်၊ သွင်းကုန် အစားအစာဘေးကင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်၌ နည်းလမ်းများ အပြန်အလှန်ဖလှယ်နိုင်ရန်၊ အစားအစာနှင့် စိုက်ပျိုးရေး ထုတ်ကုန်များနှင့် စပ်လျဉ်း၍ မူဝါဒပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊ ဆက်သွယ်ချိတ်ဆက်ရေးနှင့် လေ့လာရေးခရီးစဉ်များမှတစ်ဆင့် အတွေ့အကြုံများ မျှဝေနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ညီလာခံဖွင့်ပွဲတွင် ရှန်ဟိုင်းမြို့နီစီပယ်အစိုးရအကြီးအကဲက အဖွင့်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲနှင့် ဖိုရမ်များ ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်က “Myanmar’s Import & Export Food Safety Cooperation under the Belt and Road Initiative”ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။

**တက်ရောက်**

ညီလာခံသို့ တောင်အာဖရိကနိုင်ငံ၊ ဘိုလီဗီးယားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ယီမင်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တက်ရောက်လာကြသူများသည် အစည်းအဝေးအပြီးတွင် ရှန်ဟိုင်းမြို့ရှိ Waigaoqiao Global Hub၊ Pudong New Area Enterprise၊ Shanghai Customs Building ရှိ “2025 Shanghai Urban Space Art Exhibition” နှင့် Shanghai Yu Garden တို့ကို လေ့လာရေးခရီး သွားရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ကျောက်ဆည်မြို့နယ် ဂျီအီးစီ ခရိုင်ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၁၉**

သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ကျောက်ဆည်မြို့နယ် ဂျီအီးစီ ခရိုင်ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်း၏ သဘာပတိ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အသင်း၏ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား၍ သဘာပတိက အတည်ပြုသည်။ ယင်းနောက် အသင်းအမှုဆောင် ဒါရိုက်တာအဖွဲ့ အစားထိုးရွေးချယ်သည်။

ယင်းနောက် အသင်းဥက္ကဋ္ဌက အသင်းဝင်များ၏ သားသမီးများအနက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ နှစ်ဦးအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရူပါမြင့်(ပြန်/ဆက်)

✤ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိကျောင်းသားကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် သီပေါမြို့ပြည်သူ့ဆေးရုံတို့၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အလှူရှင်များက လှူဒါန်းသော ဒံပေါက်၊ ရေသန့်ဘူးများနှင့် အချိုရည်များကို တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပေးကြသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ စားသောက်ရေးအဆင်ပြေစေရန် အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ဦးစီးဌာနက လှူဒါန်းသည့် ဆန်အိတ် ၅၀၀၊ ဆီ ပိဿာ ၁၀၀၀၊ ပဲ ပိဿာ ၆၀၀ နှင့် ဆား ပိဿာ ၅၀၀ တို့သည် ယနေ့တွင် သီပေါမြို့သို့ ထပ်မံရောက်ရှိခဲ့ပြီး အဆိုပါ စားသောက်ကုန်များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ



လုပ်ကိုင် စားသောက်နိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၆၉ ရက်

သာ လိုတော့သည်။

- ❖ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- ❖ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ်(၆၈/၂၀၂၅)ဖြင့် လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ်(၆၉/၂၀၂၅)ဖြင့် လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့် ပြုသွားမည်ဖြစ်ကြောင်း။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၂၁၂၆၈
(၂) ၀၅၂- ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၈၉
(၂) ၀၆၃-၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၄၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (Non-aligned Movement-NAM)၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မိုဇမ်ဘစ်၊ အီရန်၊ ဘယ်လာရုစ်၊ ကျူးဘား၊ ယူဂန်ဒါ နိုင်ငံခြားရေးဝန်ကြီးများနှင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ အီတလီနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီးတို့နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ်ပါလာမြို့ရှိယူဂန်ဒါဗုဒ္ဓစင်တာ(Uganda Buddhist Centre)သို့ သွားရောက်ပြီး မြန်မာနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်ပွားကို ဆက်ကပ်လှူဒါန်းခဲ့ကာ စင်တာရှိ ရဟန်းသံဃာများ၊ ရှင်သာမဏေများနှင့် သီလရှင်များအတွက် သင်္ကန်းပရိက္ခရာများ၊ ဆွမ်းခဲဖွယ်များနှင့် ပညာရေး၊ လူမှုရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရန် နဝကမ္မအလှူငွေများ လှူဒါန်းခဲ့သည်။




၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီးများ၏ လမ်းညွှန်မှုဖြင့် ယူဂန်ဒါနိုင်ငံသား ဆရာတော် Bhante Buddharakkita က ဦးဆောင်ပြီး အမေရိကန်ပြည်ထောင်စုမှ ဒါယကာ ဒါယိကာမများ၏ ပံ့ပိုးမှုဖြင့် ယူဂန်ဒါ ဗုဒ္ဓစင်တာကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကာ မြန်မာနိုင်ငံနှင့် နက်ရှိုင်းသော ဆက်ဆံရေးလည်း ရှိသည်။

အဆိုပါ စင်တာသည် အာဖရိကတိုက်တွင် ဗုဒ္ဓဓမ္မများပြန့်ပွားရေး၏ အဓိကကျသော ဗဟိုဌာနတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး ဘာသာရေး လုပ်ငန်းများအပြင် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ အာဖရိကဗုဒ္ဓကောလိပ် (Africa Buddhist College- ABC) အဖြစ် ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံမှ ဆရာတော် တစ်ပါးနှင့် သီလရှင် နှစ်ပါးတို့သည် Uganda Buddhist Centre တွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ Uganda Buddhist Centre တွင် စာပေသင်ယူလျက်ရှိသည့် ရှင်သာမဏေနှင့် သီလရှင် စုစုပေါင်း အပါး ၇၀ နီးပါးရှိကြောင်း သိရသည်။

ယခု ခရီးစဉ်သည် မြန်မာနိုင်ငံ၏ နိုင်ငံတကာ ဆက်ဆံရေး မြှင့်တင်ရေးအတွက် မဟာဗျူဟာမြောက် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ မျက်နှာစာတွင် မြန်မာနိုင်ငံ၏ တက်ကြွသောပါဝင်မှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်၏ ခိုင်မြဲသော ကတိကဝတ်နှင့် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုကို ထင်ဟပ်ပြသနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၉**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ မဲလ်လီရာဟိုတယ်၌အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် အာဆီယံ အားကစားဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် အတူ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးများတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အားကစားဆိုင်ရာ အဆင့်အတန်းများနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်နေမှု၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို နှစ်စဉ် အမြဲမပြတ် ကျင်းပနေမှုတို့နှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့မှ တက်ရောက်လာသည့် အားကစားဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် တွေ့ဆုံပြီး နောင်ပြိုင်ပွဲကျင်းပမည့် အရှေ့တောင်အာရှ၊ အာရှအားကစားပြိုင်ပွဲများတွင် အများသဘောတူညီသည့် သက်ဆိုင်ရာနိုင်ငံအလိုက် ရိုးရာအားကစားနည်းများကို စနစ်တကျ ထည့်သွင်းကျင်းပနိုင်ရေး၊ ဒေသတွင်း အားကစားပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်မှုစနစ်အား ပြိုင်ပွဲနီးချိန်ကာလ နှစ်ပတ်အလို



ဖိတ်ကြားမှုအစား အနည်းဆုံး သုံးလ ကြိုတင်ဖိတ်ကြားမှုစနစ်ကို စီစဉ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အစည်းအဝေးတက်ရောက်သည့် အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် အဖွဲ့သည် အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ဟန္နိုင်းမြို့ရှိ မဲလ်လီရာ ဟိုတယ်၌ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

အစည်းအဝေးများအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟန္နိုင်းမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ အောက်တိုဘာ ၁၈ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တာချီလိတ်လေဆိပ်အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက တာချီလိတ်လေဆိပ်ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လေဆိပ် Terminal တွင် ခရီးသည်များအတွက် အသုံးပြုလျက်ရှိသည့် လေကြောင်းလိုင်းကောင်တာများ၊ X-Rays စက်များ၊ လေကြောင်း လုံခြုံမှုဆိုင်ရာ စစ်ဆေးမှုများ၊ ခရီးသည်များ လေယာဉ်စောင့်ဆိုင်းသည့်နေရာများနှင့် ရောက်ရှိခရီးသည်များအတွက် လေကြောင်းလုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများ၊ ခရီးဆောင်



အိတ်များ အဆင်ပြေစွာ သယ်ဆောင်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ CCTV များ တပ်ဆင်ထားမှုနှင့် CCTV Control Room တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လေဆိပ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်၏ အခြေအနေ၊ လေကြောင်းထိန်းမျှော်စင်တွင် အသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးစက်များ အပါအဝင် အခြားဆက်စပ်ပစ္စည်း ကိရိယာများနှင့် VOR/DME စက်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ခရီးသွားများ အဆင်ပြေ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် လေဆိပ် Terminal အတွင်း ဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းများ မြန်ဆန်စေရေး၊ လေဆိပ်အဆောက်အအုံများ အစဉ်သန့်ရှင်းနေစေရေး၊ ခရီးဆောင်ပစ္စည်းများ သယ်ယူရန် စောင့်ဆိုင်းနေရာများ သန့်ရှင်းမှုရှိနေစေရေး၊ မီးသတ်ယာဉ် အစဉ်ကောင်းမွန်ပြီး အဆင်သင့် ဖြစ်နေစေရေး၊ လေကြောင်းထိန်းများအနေဖြင့် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ အတက်၊ အဆင်း ပြုလုပ်နိုင်ရေးအတွက် တာဝန်ခံမှုအပြည့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြစေရေး၊ လေကြောင်းထိန်းမျှော်စင်အပေါ်မှ ပြေးလမ်းအစွန်းနှစ်ဖက်သို့ မြင်ကွင်းရှင်းလင်းမှုရှိစေရေး၊ လေယာဉ်ကွင်းပတ်လည်ရှိ ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိဘဲ ရေစီးရေလာ ကောင်းမွန်စေရေး၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ အဆင်း/အတက် ပြုလုပ်နိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းဖြစ်သည့် VOR/DME စက် ကောင်းမွန်နေစေရေး၊ လေယာဉ်ကွင်းတွင် လေယာဉ်များ နေ့/ည အတက်အဆင်းရှိသည့်အတွက် ပြေးလမ်းမီးများ၊ PAPI Light များ ကောင်းမွန်နေစေရေးအပြင် လေယာဉ်ကွင်းအတွက် အသုံးပြုသည့် အရန်မီးစက်များ ကောင်းမွန်နေစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြီးကြပ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိသဘာဝဘေးဒဏ်သင့် ကျေးရွာများဖြစ်သည့် မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးကြပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကျီးပင်ညောင်ပင်သာကျောင်းတိုက်ဆရာတော် ဦးဥက္ကဋ္ဌအား ဖူးမြော်ကြည်ညိုပြီး ဘုရားဆင်းတုတော်များ၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြကာ မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ထပ်မံမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်တားဆီးရမည့် နည်းလမ်းများနှင့် အစီအမံများကို ဌာနဆိုင်ရာများနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကြုံတွေ့နေရသည့် အခက်အခဲများအတွက် စိတ်ဓာတ်မကျရန်နှင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကောင်းမွန်သည့် လူမှုအသိုက်အဝန်းတစ်ခုသို့ရောက်အောင် အကောင်းဆုံးကြိုးစား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်က မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့ကို သဘာဝဘေးအလွန် စံပြကျေးရွာများဖြစ်အောင် ငွေကြေးအကုန်အကျခံကာ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရေး ဒေသခံပြည်သူများကလည်း စိတ်ဓာတ်ခိုင်ခိုင်မာမာနှင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြမှသာ အောင်မြင်မည်ဖြစ်ကြောင်း။

မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံသားအခွင့်အရေးတစ်ရပ်အနေဖြင့် မဖြစ်မနေမဲပေးကြရန် တိုက်တွန်းလိုကြောင်း၊ မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည့် ပုဂ္ဂိုလ်များကိုသာ ရွေးချယ်မဲပေးသင့်ကြောင်း၊ ဒေသခံပြည်သူများအတွက် စိတ်ဓာတ်ခွန်အားရရှိစေမည့် ဖျော်ဖြေရေးအစီအစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာအတွင်း အသားကဏ္ဍ ဖူလုံစေရန်ရည်ရွယ်၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ညောင်ပင်သာကျေးရွာအတွင်းရှိ ရေဘေးသင့်ပြည်သူများ နေထိုင်နိုင်ရန် တည်ဆောက်ပေးထားသည့် လူနေအိမ်များကိုကြည့်ရှုစစ်ဆေးပြီး နဝင်းချောင်းကမ်းထိန်းလုပ်ငန်း လျာထားဆောင်ရွက်နေမှု အခြေအနေ၊ အိမ်ထောင်စုများအလိုက် နေထိုင်စားသောက်မှုအခြေအနေ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဒေသခံပြည်သူများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့အဝင် တရုတ်လှလမ်းဆုံ Photogenic Spot နေရာနှင့် မြေယာရှုခင်းပန်းခြံတို့ ဖွင့်လှစ်



**ဘားအံ အောက်တိုဘာ ၁၉**

ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့သည် (၆)ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော မြို့ကြီးများဆုကို မြန်မာနိုင်ငံကိုယ်စားပြုရရှိခဲ့ပြီး သန့်ရှင်းသောရေ၊သန့်ရှင်းသောလေ၊ သန့်ရှင်းသောမြေဖြစ်စေရေး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် အစဉ်အမြဲစိမ်းလန်းစိုပြည်စေရေးတို့ကို အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့အဝင် တရုတ်လှလမ်းဆုံ၌ Photogenic Spot နေရာနှင့် မြေယာရှုခင်းပန်းခြံဖွင့်ပွဲ အခမ်းအနားကို အဆိုပါနေရာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ခရီးသွားဧည့်သည်များအနေဖြင့် ဇွဲကပင်တောင်ကို နောက်ခံထား၍ ဓာတ်ပုံရိုက်ရန် စွယ်စုံရနေရာ Photogenic Spot တစ်ခုအဖြစ် ရည်ရွယ် တည်ဆောက်ထားပြီး ခရီးသွားဧည့်သည်များကို ကြိုဆိုသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ ဒေသအလှအပကို ပြည်တွင်း၊ ပြည်ပဧည့်သည်များ ပိုမိုသိရှိလာစေရန်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေယာ၏ သဘာဝအလှကို အမြင့်ဆုံး အသုံးချခြင်းသာမက ဒေသ၏ စီးပွားရေးနှင့် ခရီးသွားလာရေးကို မြှင့်တင်ပေးသည့် ချဉ်းကပ်မှုတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ ဘားအံမြို့ကို သဘာဝအလှနှင့် ယဉ်ကျေးမှုအရင်းအမြစ် ကြွယ်ဝသောမြို့၊ ပိုမိုလှပဖွံ့ဖြိုးတိုးတက်သောမြို့အဖြစ် ဆက်လက်အဆင့်မြှင့်တင်နိုင်ရေး အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဘားအံမြို့အဝင် တရုတ်လှလမ်းဆုံ Photogenic Spot နေရာနှင့် မြေယာရှုခင်းပန်းခြံတို့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ယနေ့ဖွင့်လှစ်သည့် Photogenic Spot နေရာနှင့် မြေယာရှုခင်းပန်းခြံတို့သည် ဘားအံမြို့အဝင် လမ်းဘေး ဝဲ/ယာ နှစ်ဖက်တွင် တည်ရှိပြီး စတုရန်းပေ ၁၄၀၀၀ ခန့် ကျယ်ဝန်းကာ ပန်းခြံတည်ဆောက်ရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၀ ဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကြံခင်းမြို့နယ်၌ ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲကျင်းပ



**ကြံခင်း အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မဲကုန်းအုပ်စု တောင်သူဦးဇော်မင်းဦး၏ ဥယျာဉ်ခြံ တစ်ဧကတွင် ယမန်နေ့နံနက်ပိုင်းက ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲကျင်းပရာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌက တောင်သူများ ကော်ဖီသီးနှံ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားစေရေး၊ နှစ်ရှည်သီးပင်များ ကြားတွင် ကော်ဖီပင် ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးရည်ရွယ်ပြီး ကော်ဖီပျိုးပင်များကို တောင်သူများထံ ပေးအပ်စိုက်ပျိုးစေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူ ဦးဇော်မင်းဦး၏ ဥယျာဉ်မြေ တစ်ဧကတွင် ခရိုင်/မြို့နယ် စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက ကော်ဖီပင်များကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ချောက်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေး



**ချောက် အောက်တိုဘာ ၁၉**

မကွေးတိုင်း ဒေသကြီး ချောက်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ချောက်မြို့ပေါ်ရှိ စက်သုံးဆီ အရောင်းဆိုင်များအား မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခြင်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အသိပညာပေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် မီးသတ်ဦးစီးအရာရှိဦးသိန်းဇော်ဝင်း ဦးဆောင်ကြီးကြပ်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များအား သတ်မှတ်ထားသည့် မီးဘေး ကြိုတင်ကာကွယ်ရေး ပစ္စည်းများထားရှိခြင်း ရှိ/မရှိ၊ မီးငြိမ်းသတ်ရေး ပစ္စည်းများ ကောင်းမွန်မှု ရှိ/မရှိ၊ ရေကန်နှင့် ရေစင်များကို ရေအပြည့် ဖြည့်တင်းထားရှိရေး၊ အပေါ့စား မီးငြိမ်းသတ်စက်ဖြင့် လက်တွေ့သရုပ်ပြငြိမ်းသတ်ခြင်းများနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# နိုင်ငံတော်ရွှေသီးဖို့ ကျွမ်းကျင်အစေးခြစ်လုပ်သားများ မွေးထုတ်ပေးကြစို့

**အေးအေးမြင့် (စိုက်ပျိုးရေး)**

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့" ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့စီးပွားရေးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍဟူ၍ ကဏ္ဍသုံးရပ်ရှိသည့်အနက် နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းကျော် မှီတင်းနေထိုင်ကြသည့် ကျေးလက်ဒေသ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး အားပေးဆောင်ရွက်ရန် အရေးကြီးပါသည်။**



ကျွမ်းကျင်ရော်ဘာအစေးခြစ်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး ပြင်ပပညာရှင်က ဆွေးနွေးပို့ချနေစဉ်။

စိုက်ပျိုးရေးထုတ်ကုန်များအနက် ရော်ဘာသည် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချ၍ နိုင်ငံခြားဝင်ငွေရှာဖွေပေးလျက်ရှိသည့်အပြင် ပြည်တွင်းစက်မှုလုပ်ငန်းများအတွက်လည်း ကုန်ကြမ်းအဖြစ်အသုံးပြုပြီး ရော်ဘာအခြေခံ အသေးစား၊ အလတ်စားနှင့် အကြီးစားထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိသဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

**ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု**

မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေနှင့် ရာသီဥတုအခြေအနေအရ မကွေးတိုင်းဒေသကြီးကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှအပ မြန်မာနိုင်ငံ ဒေသအားလုံးနီးပါးတွင် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းခြင်း၊ နိုင်ငံတော်ကလည်း စီမံကိန်းများချမှတ်၍ အားပေးဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ရော်ဘာစိုက်ဧရိယာများ သိသိသာသာတိုးတက်လာခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရော်ဘာသီးနှံစိုက်ဧရိယာ ၁၆၃၉၆၆၄ ဧကအထိရှိလာပြီး အစေးခြစ်ဧရိယာ ၁၀၅၀၈၆၂ ဧကမှရော်ဘာတန်ချိန် ၃၄၆၇၆၈ တန်အထိ ထုတ်လုပ်လာနိုင်ခဲ့ပါသည်။ မှိုင်းခံရော်ဘာနှင့် ခရမ့်ရော်ဘာများ ထုတ်လုပ်ပြီး ထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်သာ ပြည်တွင်းစက်မှုလုပ်ငန်းများတွင် သုံးစွဲပြီး ကျန် ၉၀ ရာခိုင်နှုန်းကျော်ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ရော်ဘာတန်ချိန် ၂၉၉၆၃၉ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး နိုင်ငံတော်အတွက် ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ ၄၈၁ ဒသမ ၀၄၂ သန်းရှာဖွေပေးနိုင်ခဲ့ပါသည်။ ထို့ပြင် သက်တမ်းလွန်ရော်ဘာပင်အိုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခုတ်လှဲ၍ ရော်ဘာသစ်ထုတ်လုပ်ကာ ပြည်ပတင်ပို့ရောင်းချခြင်းမှလည်း ပြည်ပဝင်ငွေရှာဖွေပေးလျက်ရှိပါသည်။ သို့ဖြစ်၍ ပြည်တွင်းစက်ရုံများ၏ ကုန်ကြမ်းလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပဝင်ငွေတိုးတက်ရရှိနိုင်ရန်အတွက် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

**ရော်ဘာထုတ်လုပ်မှုတိုးတက်ရေး**

ရော်ဘာထုတ်လုပ်မှု တိုးတက်လာရေးတွင် စိုက်ပျိုးမြေကန့်သတ်ချက်များ ရှိလာခြင်းကြောင့် စိုက်ဧရိယာတိုးချဲ့စိုက်ပျိုးရန်မှာ အခွင့်အလမ်းနည်းပါးလာပြီး တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ပိုမိုအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ စိုက်ခင်းအသစ် စိုက်ပျိုးရာတွင်လည်းကောင်း၊ သက်တမ်းလွန်ရော်ဘာပင်အိုများခုတ်လှဲ၍ ပြန်လည်စိုက်ပျိုးရာတွင်လည်းကောင်း ဌာနထောက်ခံမျိုးများကိုသာ အသုံးပြုထားသည့် အဖူးကူးပျိုးပင်များဖြင့် စိုက်ပျိုးခြင်း၊ သတ်မှတ်စိုက်ပျိုးနည်းစနစ်များအတိုင်း စိုက်ပျိုးခြင်း၊ လိုအပ်သည့်သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျထည့်သွင်းခြင်း၊ စနစ်တကျ ပြုစုထိန်းသိမ်းခြင်းများကို နှစ်စဉ်ဆောင်ရွက်ရပါမည်။

ရော်ဘာပင် သတ်မှတ်လုံးပတ်ပြည့်ပြီး အစေးခြစ်ရမည့်အရွယ်ရောက်ရှိချိန်တွင်လည်း အစေးခြစ်လုပ်သားများ လုံလောက်စွာဖြင့် လူပြည့်ကွက်ပြည့်အစေးခြစ်နိုင်မှသာလျှင် အစေးအထွက်နှုန်းကောင်းမွန်ပြီး ထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် အစေးခြစ်လုပ်သားများသည် ကျွမ်းကျင်မှုရှိရန်လိုအပ်ပြီး အစေးခြစ်မကျွမ်းကျင်မှုကြောင့် ဓားစာနက်ပါက အခေါက်ပေါက်ခြင်း၊ အခေါက်ပေါက်ဒဏ်ရာမှ ရောဂါပိုးမွှားဝင်ရောက်၍ အပင်ရောဂါဖြစ်ပွားခြင်း၊ ဓားစာတိမ်ပြီး အစေးကြောထိ မရောက်ပါက အစေးထွက်နည်းခြင်း၊ ဓားစာထူပါကလည်း စီးပွားရေးသက်တမ်းပြည့် အစေးမခြစ်နိုင်ခြင်းများ ဖြစ်ပေါ်လာပြီး အစေးအထွက်နှုန်းများ လျော့နည်းလာပါသည်။

ထို့ကြောင့် ရော်ဘာထုတ်လုပ်မှုတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရေးအတွက် ရော်ဘာပင်များ စတင်အစေးခြစ်ချိန်မှ အစေးခြစ်သက်တမ်းတစ်လျှောက် စနစ်တကျအစေးခြစ်နိုင်သော

> **ရော်ဘာထုတ်လုပ်မှု တိုးတက်လာရေးတွင် စိုက်ပျိုးမြေကန့်သတ်ချက်များ ရှိလာခြင်းကြောင့် စိုက်ဧရိယာတိုးချဲ့စိုက်ပျိုးရန်မှာ အခွင့်အလမ်းနည်းပါးလာပြီး တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ပိုမိုအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ စိုက်ခင်းအသစ် စိုက်ပျိုးရာတွင်လည်းကောင်း၊ သက်တမ်းလွန်ရော်ဘာပင်အိုများခုတ်လှဲ၍ ပြန်လည်စိုက်ပျိုးရာတွင်လည်းကောင်း ဌာနထောက်ခံမျိုးများကိုသာ အသုံးပြုထားသည့် အဖူးကူးပျိုးပင်များဖြင့် စိုက်ပျိုးခြင်း၊ သတ်မှတ်စိုက်ပျိုးနည်းစနစ်များအတိုင်း စိုက်ပျိုးခြင်း၊ လိုအပ်သည့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျထည့်သွင်းခြင်း၊ စနစ်တကျ ပြုစုထိန်းသိမ်းခြင်းများကို နှစ်စဉ်ဆောင်ရွက်ရ**



သင်တန်းသားများ ရော်ဘာအစေးခြစ် လေ့ကျင့်နေစဉ်။

ကျွမ်းကျင်အစေးခြစ်လုပ်သားများ လုံလောက်စွာရရှိရေးမှာ ခြံရှင်များအတွက် ပို၍အရေးကြီးလာကြောင်း တွေ့ရှိရပါသည်။

**ကဏ္ဍစုံတွင်ထုတ်လုပ်မှု တိုးတက်ရေး ဆောင်ရွက်နေမှု**

ကဏ္ဍစုံတွင် ထုတ်လုပ်မှုတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများရရှိရေးသည် အရေးကြီးသောကြောင့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) ကို ၂၀၀၇ ခုနှစ်တွင် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ အလုပ်သမားဝန်ကြီးဌာနက Focal Ministry အဖြစ် ဆောင်ရွက်ခဲ့ပြီး နိုင်ငံအဆင့် မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုအရည်အသွေးမူဘောင်နှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးစနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်ခဲ့ပါသည်။ အဓိကအားဖြင့် အာဆီယံဒေသတွင်း ကျွမ်းကျင်မှု အပြန်အလှန်အသိအမှတ်ပြုနိုင်ရေးနှင့် မြန်မာလုပ်သားထု၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်နှင့် စွမ်းဆောင်ရည်တိုးမြှင့်ရေးကို ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကျွမ်းကျင်မှုအခြေပြု လုပ်သားထုတစ်ရပ်ပေါ်ထွန်းရေး မျှော်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိရာတွင် လုပ်သားဈေးကွက်အတွင်း လုပ်သားအင်အားလိုအပ်ချက်များပြားသော အလုပ်အကိုင်များအတွက် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ ၁၆ ခုအထိ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ကော်မတီအလိုက် ကျွမ်းကျင်မှု "စံ" များ ရေးဆွဲအတည်ပြုခြင်း၊ လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတွင် စစ်ဆေးအကဲဖြတ်ရေးအဖွဲ့မှ စစ်ဆေးအကဲဖြတ်ခြင်း၊ စစ်ဆေးအကဲဖြတ်မှတ်တမ်းများကို ကော်မတီက စိစစ်ပြီး NSSA အဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရရှိပါက အတည်ပြုကြောင်း ပြန်ကြားခြင်း၊ အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**ရော်ဘာထုတ်လုပ်မှုတိုးတက်ရေးဆောင်ရွက်မှု**

လုပ်ငန်းကဏ္ဍအလိုက် ကော်မတီပေါင်း ၁၆ ခုတွင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီလည်း ပါဝင်ပါသည်။ အဆိုပါကော်မတီတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနမှ အလုပ်အကိုင်များ ပါဝင်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လုပ်သားလိုအပ်ချက်များသော အလုပ်အကိုင်ဖြစ်သည့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁)အတွက် စစ်ဆေးအကဲဖြတ်နိုင်ရေး ကျွမ်းကျင်မှု "စံ" များ အဆင့်ဆင့်ရေးဆွဲအတည်ပြုပြီး ဖြစ်ပါသည်။

နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)သည် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁)အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနအဖြစ် ကော်မတီ၏ အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ အရာထမ်း/အမှုထမ်း ခုနစ်ဦးနှင့် ပြင်ပပညာရှင် နှစ်ဦးတို့သည်လည်း သက်ဆိုင်ရာသင်တန်းများ တက်ရောက်ပြီးဖြစ်ကာ စစ်ဆေးအကဲဖြတ်သူများအဖြစ် ဆောင်ရွက်ရန် ကော်မတီ၏ အသိအမှတ်ပြုလက်မှတ်များရရှိထားပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ☆

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပုသိမ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေ



**နေပြည်တော် အောက်တိုဘာ ၁၉**

တက္ကသိုလ်များတွင် ပညာသင်ကြား လျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ စခန်းချလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်း ပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လေ့ကျင့်ရေး သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပုသိမ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အောက်တိုဘာ ၁၈ ရက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က တပ်နယ်အားကစားရုံ၌ လာရောက်ဂုဏ်ပြု သီဆိုဖျော်ဖြေကြရာ သင်တန်းသား သင်တန်းသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုအားပေးကြပြီး ပျော်ရွှင်စွာ အတူတကွ ပါဝင်သီဆိုခဲ့ကြသည်။

ထိုသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ သီဆိုဖျော်ဖြေနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ကိုရီးယား-မြန်မာ ပူးပေါင်းရိုက်ကူးထုတ်လုပ်မည့် လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲနှင့် အားကစားအစီအစဉ်တို့အတွက် သရုပ်ဆောင်ရွေးချယ်ပွဲ ဆက်လက်ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁၉**

ကိုရီးယား-မြန်မာ ပူးပေါင်းရိုက်ကူးထုတ်လုပ်မည့် လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲနှင့် အားကစားအစီအစဉ် (All PASS DRAMA & Sports Game) တို့အတွက် သရုပ်ဆောင်ရွေးချယ်ပွဲ (Audition) ကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့ရုပ်မြင်သံကြားတွင် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက နှစ်ကြိမ်ခွဲ၍ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမှ အသက် (၁၈) နှစ်မှ (၃၀) နှစ် အကြား ရွှေကြို အနုပညာရှင် သရုပ်ဆောင်များ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူလူငယ်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ Audition သို့ ကိုရီးယားနိုင်ငံမှ ဇာတ်လမ်းရိုက်ကူးမည့် ဒါရိုက်တာ Mr. GYE, YOON SIK၊ Sidus HQ Entertainment Company ဥက္ကဋ္ဌ Mr. CHUNG HOONKWANG၊ ကိုရီးယားရုပ်သံကုမ္ပဏီ KK Media မှ ဒါရိုက်တာနှစ်ဦး စုစုပေါင်းလေးဦးတို့က အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ကြပြီး ဒုတိယနေ့ Audition သို့ မြန်မာနိုင်ငံမှ လူငယ်အမျိုးသား အမျိုးသမီး စုစုပေါင်း ၂၆ ဦးတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုကဲ့သို့ Audition ကို ကိုရီးယားနိုင်ငံတွင် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့ရာ လူငယ်အမျိုးသား အမျိုးသမီး စုစုပေါင်း ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံတွင်လည်း အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့က Audition ၂ ရက်ခွဲ၍ ပြုလုပ်ရာ လူငယ်အမျိုးသား အမျိုးသမီး စုစုပေါင်း ၄၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ကိုရီးယား-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ်(၅၀)ပြည့်မြောက်မှုကို ဂုဏ်ပြုသောအားဖြင့် ကိုရီးယား-မြန်မာ နှစ်နိုင်ငံ ယဉ်ကျေးမှု ဖလှယ်နိုင်ရန်၊ နှစ်နိုင်ငံတို့မှ လူငယ်ပရိသတ်များ အရည်အချင်း တိုးတက်လာစေရန်နှင့် စိတ်ခွန်အားပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် ကိုရီးယားနှင့် မြန်မာနိုင်ငံတို့မှ လူငယ်သရုပ်ဆောင်များအား အဓိကသရုပ်ဆောင်နှင့် ဇာတ်ပို့/ဇာတ်ရန်များ ခွဲခြား၍ စိစစ်ရွေးချယ်ခြင်းဖြစ်သည်။

ယင်း ရုပ်သံဇာတ်လမ်းတွဲအား ကိုရီးယားနှင့် မြန်မာနိုင်ငံတို့တွင် ၂၀၂၅ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အပြန်အလှန်သွားရောက်၍ ပူးပေါင်းရိုက်ကူးကြမည်ဖြစ်ပြီး Sports Game ရုပ်သံအစီအစဉ်ကိုလည်း ကိုရီးယားဒါရိုက်တာဖြင့် နေပြည်တော်တွင် Indoor/Outdoor ခွဲခြားကာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလဆန်းတွင် စတင်ရိုက်ကူးမည်ဖြစ်ကာ ၂၀၂၆ ခုနှစ်မတ်လအပြီး ထုတ်လုပ်ပြသနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) နှင့် ကိုရီးယားနိုင်ငံ KK Media Co., Ltd တို့ ပူးပေါင်း၍ ခွဲဝေကျခံကာ ရိုက်ကူးထုတ်လုပ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမအသင်းစု အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမ အသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြင့်ရတနာစတိုး အသင်းခန်းမ၌ အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အသင်းစု ဥက္ကဋ္ဌဦးဘုန်းမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သမဝါယမအသင်းများ တိုးတက်ရေး ကိစ္စရပ်များနှင့် အသင်းစာရင်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်သမဝါယမဦးစီးမှူးက သမဝါယမအသင်းများ၏ ဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ အသင်းဝင် ဦးစိန်ဝင်းက အမှုဆောင်အစီရင်ခံစာကို ဖတ်ကြားပြီး အသင်းဝင် မစန္ဒာဝင်းက အသင်းသားစာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားခဲ့ကာ တက်ရောက်သူ အသင်းဝင်များအား အသင်းသားလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

☆ စာမျက်နှာ ၁၀ မှ

၂၀၁၈ ခုနှစ်မှစ၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)တို့ ပူးပေါင်း၍ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သား ကျွမ်းကျင်မှုအဆင့်(၁) သင်တန်းဖွင့်လှစ်ပေးခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတွင် ရော်ဘာအစေးခြစ်နည်းစနစ်များအား စာတွေ့၊ လက်တွေ့ သင်ကြားပြသပေးခြင်း၊ စစ်ဆေးအကဲဖြတ်သူများက ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်း၊ အောင်မြင်သူများအား NSSA မှ အသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်ပေးခြင်းဖြင့် ကျွမ်းကျင်အစေးခြစ်လုပ်သားများ မွေးထုတ်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သား ကျွမ်းကျင်မှုအဆင့်(၁) သင်တန်းအမှတ်စဉ် (၁၇) ကြိမ်အထိ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်နယ်/တိုင်းဒေသကြီးများရှိ ပုဂ္ဂလိကရော်ဘာခြံများမှ ရော်ဘာအစေးခြစ်လုပ်သား အမျိုးသား ၄၀၄ ဦး၊ အမျိုးသမီး ၁၂၈ ဦး စုစုပေါင်း ၅၃၂ ဦးတို့အား ကျွမ်းကျင်ရော်ဘာအစေးခြစ်လုပ်သားများအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ အသိအမှတ်ပြုလက်မှတ်ရရှိပြီးသော ကျွမ်းကျင်လုပ်သားများသည် သက်ဆိုင်ရာ ရော်ဘာခြံများသို့ ပြန်လည်ရောက်ရှိချိန်တွင် ခြံမှ အခြားအစေးခြစ်လုပ်သားများကို ဆင့်ပွားသင်တန်းပေးခြင်းဖြင့် နည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ကျွမ်းကျင်ရော်ဘာအစေးခြစ်လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်သည်နှင့်အမျှ စနစ်တကျ အစေးခြစ်လာနိုင်ခြင်းဖြင့် ရော်ဘာထုတ်လုပ်မှု ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

**ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှု အဆင့်(၁) သင်တန်းပေးခြင်းအစီအစဉ်**

ရော်ဘာအစေးခြစ်လုပ်သား ကျွမ်းကျင်မှု အဆင့်(၁) သင်တန်းဖွင့်လှစ်မည့် နေ့ရက်နှင့် ဖွင့်လှစ်မည့်အစီအစဉ်အား နိုင်ငံပိုင်သတင်းစာမှ ကြော်ငြာခေါ်ယူကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီးများရှိ ပုဂ္ဂလိကရော်ဘာခြံများမှ အစေးခြစ်လုပ်သားများ သင်တန်းတက်ရောက်နိုင်ကြောင်း၊ သင်တန်းဆောင်တွင် အခမဲ့နေထိုင်ခွင့်၊ သင်တန်းသားဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများကို အခမဲ့ပံ့ပိုးပေးကာ ကျွမ်းကျင်သင်တန်းနည်းပြများက အခမဲ့သင်ကြားပေးကြောင်း၊ သင်တန်းသားတစ်ဦးလျှင် တစ်ရက်စားစရိတ်ငွေကျပ် ၈၀၀၀ နှုန်းဖြင့် သင်တန်းကာလ ၁၅ ရက်အတွက် စားစရိတ်ကို သင်တန်းသားများက စရိတ်မျှခံပေးရမည်ဖြစ်ကြောင်း သိရှိရပါသည်။ တစ်ကြိမ်လျှင်သင်တန်းသား ၃၀ လက်ခံသင်ကြားပေးနေ၍ နောင်ဖွင့်လှစ်မည့် သင်တန်းအတွက် ကြော်ငြာခေါ်ယူချိန်တွင် စာရင်းပေးတက်ရောက်နိုင်ကြပါသည်။

သို့ဖြစ်ရာ ရော်ဘာထုတ်လုပ်မှုတိုးတက်လာရေးအတွက် ကျွမ်းကျင်အစေးခြစ်လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းအားပေးဆောင်ရွက်ကြခြင်းဖြင့် ရော်ဘာထုတ်လုပ်မှုများ တိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ပါသည်။ ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းကုန်ကြမ်း လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မည့်အပြင် ပြည်ပဈေးကွက်သေချာသောသီးနှံဖြစ်၍ ပြည်ပသို့ပိုမို တင်ပို့လာနိုင်မည်ဖြစ်ပါသည်။ ရော်ဘာခြံရှင်များနှင့် အစေးခြစ်လုပ်သားများလည်း ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်၍ နိုင်ငံတော်ရွှေသီးဖို့ ကျွမ်းကျင်အစေးခြစ်လုပ်သားများ မွေးထုတ်ပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)ရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အားကစားရုံနှင့် တက္ကသိုလ်ဘောလုံးအားကစားကွင်း၊ အပန်းဖြေရိပ်သာ (Recreation Center) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အားကစားနည်းများအလိုက် ကော်မတီများဖွဲ့စည်း၍ ထူးချွန်သည့် အားကစားသမား ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရေးဆောင်ရွက်ကြရန်၊ သတ်မှတ်ထားသည့် ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် တက္ကသိုလ်၏မျက်နှာစာ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒဂုံတက္ကသိုလ်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်က တက္ကသိုလ်၏ Master Plan နှင့် ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်မုခ်ဦးနှင့် အဝင်လမ်းသန့်ရှင်းသပ်ရပ်သာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ခြံစည်းရိုးများ စနစ်တကျကာရံထားရှိရေး၊ အပန်းဖြေရိပ်သာ (Recreation Center) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တက္ကသိုလ်ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မွန်းလွဲပိုင်းတွင် ကမာရွတ်မြို့နယ် အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ ပြည်ပလေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော် အစီအစဉ်ဖြင့် ပြည်ပ လေ့လာရေးခရီးစဉ် စေလွှတ်ခဲ့သည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးနှင့် အုပ်ချုပ်သူများသည် ယမန်နေ့ နံနက်ပိုင်းက Samut Prakan ခရိုင်ရှိ Ancient City တွင် ထိုင်းနိုင်ငံ၏ သမိုင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာကြည့်ရှုပြီး MBK Shopping Center တွင် ဈေးဝယ်လေ့လာကာ နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။



မွန်းလွဲပိုင်းတွင် Madame Tussauds Museum တွင် ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ ဖယောင်းရုပ်ပုံတူများကို ကြည့်ရှုလေ့လာကာ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး Siam Ocean World ၌ ပင်လယ်ရေအောက် သတ္တဝါများကို လက်တွေ့လေ့လာ ကြည့်ရှုကြသည်။ ညနေပိုင်းတွင် Chatuchak Weekend Market သို့ ရောက်ရှိကာ ဈေးဝယ်လေ့လာကြသည်။

ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Arun ဘုရားနှင့် မြဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး Queen Strikit Museum of Textile သို့ ရောက်ရှိကာ ထိုင်းဘုရင်များ၏ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လာသည့် အထည်အလိပ်အနုပညာတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍ Bangkok National Museum တွင် ထိုင်းနိုင်ငံ၏ ရှေးဟောင်းအနုပညာလက်ရာများနှင့် သမိုင်းဝင် အထောက်အထားများကိုလေ့လာခဲ့ကြပြီး ညပိုင်းတွင် လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာ၍ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ဂုဏ်ပြုသည့် အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနက ပြည်ပနိုင်ငံ အတွေ့အကြုံကောင်းများရရှိရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေးအတွက် စီစဉ်ပို့ဆောင်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# Grade - 12 ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ဘာသာရပ်များမိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

သန်လျင်ခရိုင်အတွင်းရှိ အခြေခံပညာ Grade –12 သင်ကြားလျက်ရှိသည့်ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များမှ ဘာသာရပ်များနှင့် မိတ်ဆက်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက သန်လျင်မြို့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာမျိုးမင်းထွန်းက အမှာစကားပြောကြားပြီး ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့မှ ပါမောက္ခ/ဌာနမှူးများက သက်ဆိုင်ရာတက္ကသိုလ်အသီးသီးရှိ အထူးပြုဘာသာရပ်များနှင့် မိတ်ဆက်ပို့ချခဲ့ကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)



# လပွတ္တာမြို့နယ်၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

လပွတ္တာ အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ စွမ်းရည်ပြိုင်ပွဲသို့ လပွတ္တာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်္ချာစွမ်းရည်ဝင်ရောက်ယှဉ်ပြိုင်သူ ၁၆၀၊ အင်္ဂလိပ်စာစွမ်းရည်ဝင်ရောက်ယှဉ်ပြိုင်သူ ၁၆၀ ရှိပြီး ယနေ့နံနက်ပိုင်းတွင် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ တိုင်းအဆင့်ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသားကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးတို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မိတ္ထီလာမြို့၌ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေးအတွက် အရည်အသွေးမြှင့်ဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၉**

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အခြေခံပညာ အထက်တန်းအဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေးအတွက် အရည်အသွေးမြှင့် ဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက်က မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် သင်ကြားပို့ချပေးခဲ့သည်။



အခြေခံပညာ အထက်တန်းအဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူ ပစ္စည်းများ အသုံးပြု၍ သင်ကြား၊ သင်ယူမှု လုပ်ငန်းများ ထိရောက်မှုရှိစေရန်၊ သင်ထောက်ကူ ပစ္စည်းများ ကိုယ်တိုင် တီထွင်အသုံးပြုတတ်စေရန်၊ မိမိဒေသနှင့် ပတ်ဝန်းကျင်ရှိ ပစ္စည်းများ အသုံးပြုပြီး သင်ထောက်ကူပစ္စည်းများ အဖြစ် အသုံးပြုမှုရှိစေရန် ရည်ရွယ်၍ အရည်အသွေးမြှင့် ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။ ဆွေးနွေးပွဲကို မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ အခြေခံပညာ အထက်တန်းအဆင့်သင် ဆရာ ဆရာမ ၁၁၅၇ ဦးတက်ရောက်ခဲ့ရာ ယင်းဆွေးနွေးပွဲကို မိတ္ထီလာမြို့နယ်ရှိ အထက (၁)၊ အထက(၃) နှင့် အထက (၅)တို့တွင် မိတ္ထီလာတက္ကသိုလ်မှ ဆရာ ဆရာမများက အောက်တိုဘာ ၁၈ ရက်မှ ၁၉ ရက်အထိ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါ်မော်မော်ထံမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# အီရန်နျူကလီးယားအစီအစဉ်အပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် ကန့်သတ်ချက်အားလုံး တရားဝင်ပျက်ပြယ်ပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးပြောကြား



**တီဟီရန် အောက်တိုဘာ ၁၉**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် ကန့်သတ်ချက်အားလုံးသည် အောက်တိုဘာ ၁၈ ရက်မှစပြီး တရားဝင်ပျက်ပြယ်ခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး စီယက်အာဘာ့စ်အာရာချီက ယမန်နေ့တွင် ပြောကြားသည်။

လွန်ခဲ့သော ၁၀ နှစ်အကြာက အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့အကြား နျူကလီးယားသဘောတူညီချက်နှင့်ပတ်သက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်နှင့် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ ဗက်ဆီလီ အေနီဘင်ဇီယာတို့ထံ ပေးပို့သည့်စာတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး အာရာချီက အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၁၈ ရက်နောက်ပိုင်း ကုလလုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၂၃၁ ၏ ပြဋ္ဌာန်းချက်အားလုံးနှင့် ယခင် ဒဏ်ခတ်အရေးယူမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို တရားဝင် ရပ်ဆိုင်းသင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာရာချီက ပြောကြားခဲ့သည်။

အီရန်သည် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံဖြစ်သည့် ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ အမေရိကန်တို့နှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ကုလသမဂ္ဂ၏ ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားရန်အတွက် ၎င်း၏နျူကလီးယားအစီအစဉ်အပေါ် တားမြစ်ချက်အချို့ကို လက်ခံသဘောတူညီခဲ့သည်။

သို့သော် အမေရိကန်ပြည်ထောင်စုသည် ၂၀၁၈ ခုနှစ် မေလတွင် အဆိုပါသဘောတူညီမှုမှနုတ်ထွက်ပြီး အီရန်အပေါ် ပိတ်ဆို့အရေးယူမှုများ ပြန်လည်ချမှတ်ခဲ့ရာ တီဟီရန်က သဘောတူညီချက်အရ ၎င်း၏ကတိကဝတ်များကို ဖျက်သိမ်းခဲ့သည်။

ယခုနှစ် ဩဂုတ်လနှောင်းပိုင်းတွင် ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီတို့က အီရန်အပေါ် ကုလသမဂ္ဂ၏ ပိတ်ဆို့အရေးယူမှုများကို ပြန်လည်ချမှတ်ရန် ကြိုးပမ်းခဲ့သည်။

ပိတ်ဆို့အရေးယူမှုများတွင် သမားရိုးကျလက်နက်ရောင်းချမှု၊ ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုများအပေါ် ကန့်သတ်ချက်များ၊ အီရန်၏ နျူကလီးယားနှင့် ဒုံးကျည်လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသည့် အဓိကကျသောပုဂ္ဂိုလ်များ၏ ပိုင်ဆိုင်မှုများထိန်းချုပ်ရေး၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းကန့်သတ်ချက်များ၊ ယူရေနီယံသန့်စင်မှု သို့မဟုတ် ပြန်လည်လုပ်ဆောင်ခြင်းဆိုင်ရာ တားမြစ်ချက်များ ပါဝင်သည်။

ဒဏ်ခတ်ပိတ်ဆို့မှုများကို အစပျိုးရန် ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီတို့၏ ကြိုးပမ်းမှုသည် တရားမျှတမှုမရှိသည့်အပြင် စည်းမျဉ်းများ၊ အီရန်နျူကလီးယားသဘောတူညီချက်နှင့် ကုလသမဂ္ဂဆုံးဖြတ်ချက်၏ စစ်မှန်သောအဓိပ္ပာယ်ကို ချိုးဖောက်ရာရောက်ကြောင်း အာရာချီက ပြောကြားခဲ့သည်။

အီရန်သည် အထက်ပါဥရောပသုံးနိုင်ငံအပြင် အမေရိကန်နှင့်လည်း ဆွေးနွေးမှုများပြုလုပ်ကာ အပြုသဘောဆောင်သော လုပ်ဆောင်မှုများဆောင်ရွက်ကာ သံခင်းတမန်ခင်းနည်းလမ်းဖြင့် နျူကလီးယားပြဿနာကို ဖြေရှင်းရန် အမြဲကြိုးစားနေကြောင်း အာရာချီက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ လူ့ဗ်ရ်ပြတိုက်အတွင်း ပြသထားသည့် နပိုလီယံနှင့် ကြင်ရာတော်တို့၏ လက်ဝတ်ရတနာပစ္စည်းများ ခိုးယူခံရ

**ပါရီ အောက်တိုဘာ ၁၉**

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ လူ့ဗ်ရ်ပြတိုက်အတွင်း ပြသထားသည့် ရှေးဟောင်းရတနာပစ္စည်း ခိုးယူမှုဖြစ်ပွားပြီးနောက် အောက်တိုဘာ ၁၉ ရက်မှစပြီး ပြတိုက်ကို ပိတ်ထားခဲ့ကြောင်း ပြင်သစ်အာဏာပိုင်များက ပြောကြားခဲ့သည်။

မျက်နှာဖုံးစွပ်ထားသော ရတနာသူခိုးများက ပြုပြင်မွမ်းမံနေသည့် နေရာမှတစ်ဆင့် ပြတိုက်အတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ကနဦးသတင်းများအရ သိရသည်။

ခိုးခံခဲ့ရသည့် ရှေးဟောင်းပစ္စည်းများသည် တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်ပစ္စည်းများဖြစ်ကြောင်း အခင်းဖြစ်ရာသို့ သွားခဲ့သည့် ပြင်သစ်ပြည်ထဲရေးဝန်ကြီး လောရန့်နူနန့်ဇ်က ပြောကြားသည်။



ပြင်သစ်ပြည်ထဲရေးဝန်ကြီး လောရန့်နူနန့်ဇ်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က ခိုးယူခံရသော ပစ္စည်းများ၏ အသေးစိတ်စာရင်းကို ပြုစုပြီး ၎င်းတို့၏ တန်ဖိုးကို အကဲဖြတ်ကြသည်။

ပါရီရဲဌာနချုပ်မှ စုံစမ်းစစ်ဆေးသူများသည် အဆိုပါနေရာကို လုံခြုံမှုရှိစေရန် အစောင့်အကြပ်များချထားပြီး နည်းပညာဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို စတင်ခဲ့သည်။

နပိုလီယံနှင့် ကြင်ရာတော်တို့၏ လက်ဝတ်ရတနာပစ္စည်းကိုးခုကို သူခိုးများက ယူဆောင်ခဲ့ပြီး ၎င်းတို့အနက် သရဖူတစ်ခုကို ပြတိုက်အပြင်ဘက်တွင် ကျိုးပဲ့ပျက်စီးလျက်တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် လက်ဝတ်ရတနာတစ်ခုကိုလည်း ပြတိုက်အနီးတွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ယဉ်ကျေးမှုဝန်ကြီး ရာချီဒါ ဒါတီက ပြောကြားသည်။

ယနေ့ခေတ်တွင် မသမာသူများက ရှေးဟောင်းအနုပညာလက်ရာများကို ခိုးယူရန် ပစ်မှတ်ထားကြသည့်အတွက် ပြတိုက်များသည် ၎င်းတို့၏ ပစ်မှတ်များဖြစ်လာကြောင်း ရာချီဒါ ဒါတီက ဆက်လက်ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များက ပြည်သူများအား ရတနာပစ္စည်းများခိုးခံရခြင်းနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များပေးရန် တောင်းဆိုခဲ့သည်။

ပြတိုက်ပြန်လည်ဖွင့်လှစ်မည့်ရက်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ဟားမတ်စ်က ပါလက်စတိုင်းဒေသခံများအား တိုက်ခိုက်ရန်စီစဉ်နေသည့်သတင်းများရရှိသည်ဟု အမေရိကန်ပြောကြား

**ဂျေရုဆလင် အောက်တိုဘာ ၁၉**

ဟားမတ်စ်အဖွဲ့သည် ပါလက်စတိုင်းဒေသခံများအား တိုက်ခိုက်ရန် စီစဉ်ဆောင်ရွက်နေသည်ဟု သတင်းများရရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

၎င်းသတင်းနှင့်ပတ်သက်၍ အမေရိကန်က ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆောင်ရွက်သည့် နိုင်ငံများကို အကယ်၍ တိုက်ခိုက်မှုများဖြစ်လာပါက ငြိမ်းချမ်းရေးကို ရှေးရှုဆောင်ရွက်သည့် ကြိုးပမ်းမှုများ အချည်းနှီးဖြစ်နိုင်ကြောင်းနှင့် ဂါဇာဒေသခံများအား ကာကွယ်ရေးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ အောက်တိုဘာ ၁၀ ရက်တွင် စတင်အသက်ဝင်လာသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် အကျဉ်းသားများလဲလှယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများဝင်ရောက်ခွင့်ပြုရေးနှင့် အစ္စရေးတပ်ဖွဲ့များရုပ်သိမ်းရေးတို့ကို သတ်မှတ်ထားသည်။ သေဆုံးသွားသည့်ဓားစာခံများမှ ၁၀ ဦးမြောက် ဓားစာခံ၏ အလောင်းကို ဟားမတ်စ်ထံမှ ရရှိခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ဂါဇာပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ဂျပန်နိုင်ငံက အဓိကအခန်းကဏ္ဍမှပါဝင်ရန် ကုလသမဂ္ဂမျှော်လင့်

**ကုလသမဂ္ဂ အောက်တိုဘာ ၁၉**

ဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံအနေဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်လာရန် မျှော်လင့်ပါကြောင်း ကုလသမဂ္ဂ အကြီးတန်းအရာရှိတစ်ဦးက ယနေ့ ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသရှိ အဆောက်အအုံအားလုံး၏ ၈၀ ရာခိုင်နှုန်းနီးပါး ပျက်စီးခဲ့ပြီး အပျက်အစီးတန်ချိန်ပေါင်း ၆၁ သန်းကျော်ရှိခဲ့ကြောင်း ကုလသမဂ္ဂက ခန့်မှန်းပြောကြားသည်။

အပျက်အစီးများ ဖယ်ရှားခြင်းလုပ်ငန်းသည် ငါးနှစ်ကျော်ကြာမြင့်မည်ဟု ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ အထူးကိုယ်စားလှယ် ဂျာကိုဆီလီယာစ်က ခန့်မှန်းပြောကြားသည်။

ဂျပန်နိုင်ငံသည် ရန်ပုံငွေထောက်ပံ့ရုံသာမက နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများကိုလည်း သိသိသာသာပေးလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံတွင် ဆူနာမီနှင့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အပျက်အစီးများကို ဖယ်ရှားရေးအတွက် ကျယ်ပြန့်သော အတွေ့အကြုံရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်အစိုးရက ဂါဇာကမ်းမြောင်ဒေသရှိ အပျက်အစီးများကို ရှင်းလင်းဖယ်ရှားသည့် လုပ်ငန်းစဉ်အတွက် အမေရိကန်ဒေါ်လာ ခြောက်သန်းခန့်ကို ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်သို့ ပေးအပ်ခဲ့သည်။ ထို့ပြင် ဂါဇာအလယ်ပိုင်း ဒီယာအယ်လ်ဘာလာရှ်မြို့၌ တည်ရှိသော အပျက်အစီးများကို ကြိတ်ခွဲပြီး လမ်းသုံးပစ္စည်းများ ပြန်လည်ထုတ်လုပ်သည့်စက်ရုံတစ်ခုကိုလည်း ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# ဖိလစ်ပိုင်နိုင်ငံသို့ ဖန်ရှုန် မုန်တိုင်း ဝင်ရောက်တိုက်ခတ်

**မနီလာ အောက်တိုဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံသို့ ဖန်ရှုန်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခြင်းကြောင့် ရှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း မြို့ပြကာကွယ်ရေးရုံးက အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားသည်။

မြို့တော် မနီလာ၏ အရှေ့တောင်ဘက် ကွီဇုန်ဒေသ ပီတီဂိုခရိုင်တွင် သစ်ပင်ကျိုးခြင်းကြောင့် ငါးဦးသေဆုံးကာ နိုင်ငံအလယ်ပိုင်း အနောက်ဗီဆာရဒေသတွင် သုံးဦးသေဆုံးကြောင်း မြို့ပြကာကွယ်ရေးရုံး ပြောရေးဆိုခွင့်ရှိသူ ဂျူနီကတ်စတီလိုက ပြောကြားသည်။

နိုင်ငံတောင်ပိုင်း ဗာကတ်နီဒေသတွင် မုန်တိုင်းကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရာ ဖြစ်စဉ်အတွင်းမှ ပျောက်ဆုံးသူများကို ရှာဖွေနေကြောင်း ၎င်းက ပြောကြားသည်။ ၎င်းမုန်တိုင်းတိုက်ခတ်ခြင်းကြောင့် ထိခိုက်ခံစားခဲ့ရသည့်ဒေသခံ ၂၀၀၀ ကိုကယ်ဆယ်ခဲ့ကြောင်း သိရသည်။ နိုင်ငံအလယ်ပိုင်းနှင့်တောင်ပိုင်းတွင် မုန်တိုင်းကြောင့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများဖြစ်ခဲ့သည်။ နိုင်ငံအတွင်းသို့ တစ်နှစ်လျှင် မုန်တိုင်း ၂၀ ခန့် ဝင်ရောက်လေ့ရှိသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်တရုတ်နိုင်ငံသား ၁၅ ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၁၉

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုု မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၅ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် တရုတ်နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၅၅၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးမြို့တွင်းသို့ Suicide Drone ဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်၊ အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် အောက်တိုဘာ ၁၉

PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် အစွန်းရောက်နိုင်ငံရေးခံယူချက်များအတွက် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်နေကြသည့် ပြည်သူလူထုအား လက်နက်အားကိုးဖြင့် ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းတို့ကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိကြရာ ယနေ့ နံနက်ပိုင်းတွင်လည်း ၎င်းတို့ထိန်းချုပ်မောင်းနှင်ပြီး အကြောင်းမဲ့ပစ်ခတ်ခဲ့သည့် Suicide Drone ကျရောက် ပေါက်ကွဲမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ဒေသခံပြည်သူအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၃၀ ခန့်တွင် Suicide Drone တစ်စင်းကို ကလေးမြို့၏ အနောက်တောင်ဘက် မီတာ ၈၀၀၀ ခန့်အကွာ နဂါးဗွက်ကျေးရွာအနီးမှ လွှတ်တင်၍ စစ်ရေးပစ်မှတ်မဟုတ်ဘဲ အများပြည်သူများ နေထိုင်လျက်ရှိသည့် ကလေးမြို့အတွင်းသို့ အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ပင်လုံရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ အဆိုပါပေါက်ကွဲမှုကြောင့် ဦးထန်ရှုန်းခိုင် ၃၄ နှစ် နှင့် ဒေါ်ပန်ကီး ၅၀ နှစ်တို့တွင် ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ၎င်းတို့အား ကလေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့ အများပြည်သူအေးချမ်းစွာနေထိုင်လျက်ရှိသည့် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများအား အကြမ်းဖက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေမှုတို့ကို ဒေသခံပြည်သူများက ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အဆိုပါနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် Suicide Drone တစ်စင်း၏ ဖုံးသီးအပိုင်းအစမှတ်တမ်းဓာတ်ပုံများ။



PDF အမည်ခံ အကြမ်းဖက်သမားများ၏ Suicide Drone ဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Tun Wa” TikTok အကောင့်နှင့် “မိနန်း” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပဲခူးမြို့ ဗိုင်းဂနိုင်(တောင်)ရပ်ကွက်နေ အေးမင်းဦး (ခ) ဂျာမားအား ည ၈ နာရီခွဲတွင် လည်းကောင်း၊ “Aung Too” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ် သူဌေးကုန်းကျေးရွာနေ အောင်သူအား အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လေးကေ့ကော်ဒေသရှိ စခန်းများအား ပြန်လည်သိမ်းပိုက်ရရှိ




✧ ကျောဖုံးမှ

၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ကော့ကရိတ်-သင်္ဃန်းညီနောင်-မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် မြန်မာ နယ်နိမိတ်အတွင်း၌ KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ ခိုအောင်းမှုမရှိစေရေး၊ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက် မြန်မာဘက်ခြမ်းသို့ တရားမဝင်နိုင်ငံခြားသားများ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ကာ တရားမဝင် အွန်လိုင်း ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှု နှိမ်နင်းရေးအတွက် လိုအပ်သည့်အကြမ်းဖက် ချေမှုန်းမှု စစ်ဆင်ရေးများကို ဆက်လက် ဆောင်ရွက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် လက်ခတ်တောင်ဘုရားကုန်းနှင့် ပတ်ဝန်းကျင် ဒေသတစ်ဝိုက်အား စက်တင်ဘာ ၉ ရက်တွင် လည်းကောင်း၊ ဂျပန်နိုင်ငံနီပွန်ဖောင်ဒေးရှင်းမှ ၂၀၁၅ ခုနှစ်တွင် ဒေသခံ တိုက်ပွဲရှောင်ပြည်သူများ အတွက် ဆောက်လုပ် ပေးထားသည့် လေးကေ့ကော် မြို့သစ်အား စစ်ကြောင်းများခွဲ၍ အဆင့်ဆင့် တိုက်ခိုက် သိမ်းပိုက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် အဆိုပါ လေးကေ့ကော်မြို့သစ် အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အဆိုပါမြို့သစ်တွင် ယခင် ဆောက်လုပ်ပြီးကာစ ဒေသခံ တိုက်ပွဲရှောင် တိုင်းရင်းသား ပြည်သူများ နေထိုင်ကြသော်လည်း ၂၀၂၃ ခုနှစ် နောက်ပိုင်း အကြမ်းဖက် သောင်းကျန်းသူ KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ က အဆိုပါ ဒေသခံတိုင်းရင်းသား များကို မောင်းထုတ်လျက် အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ မိသားစုဝင်များ တရားမဝင် သိမ်းပိုက်ဝင်ရောက် နေထိုင်ခဲ့ သည့် နေရာဖြစ်ကြောင်းလည်း သိရှိရသည်။ ထိုသို့ တိုက်ခိုက် သိမ်းပိုက်စဉ် မြန်မာ-ထိုင်း နယ်စပ်အနီးရှိ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် KK Park ကို လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း တပ်မတော်စစ်ကြောင်းများ က ဝင်ရောက်ရှင်းလင်းခဲ့သည်။

တိုက်ပွဲစဉ် တစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ နှင့် တိုက်ပွဲကြီး ခြောက်ကြိမ်၊ တိုက်ပွဲငယ် ၅၂ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများ ထံမှ အလောင်း ၁၀ လောင်း၊ လက်နက်မျိုးစုံ ၁၆ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်း ရမိခဲ့သလို KK Park အတွင်းမှ ထူးခြားလက္ခဏာ မတွေ့သော် လည်း တရားမဝင်ဆက်သွယ်မှု ဆောင်ရွက်ရန် ရည်ရွယ်တပ်ဆင် ထားသည့် Star Link စလောင်း အစုံ ၃၀ နှင့် ဆက်စပ်ပစ္စည်းများ အား သိမ်းဆည်းရမိခဲ့သည့်အပြင် ဆောက်လုပ်ပြီး အဆောက်အအုံ တစ်ထပ်တိုက် ၁၀ လုံး၊ နှစ်ထပ် တိုက် **စာမျက်နှာ ၁၇ သို့** ✧



တပ်မတော်စစ်ကြောင်းများက ရှုခင်းသာစခန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




တပ်မတော်စစ်ကြောင်းများက လေးကေ့ကော်မြို့သစ်အား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား အကြမ်းဖက်သမားများက ဘန်ကာများ ပြုလုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။





KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ လက်ခတ်တောင်မှ ဆုတ်ခွာထွက်ပြေးစဉ် သာသနိက အဆောက်အအုံများအား ဖျက်ဆီးသွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





လေးကေ့ကော်မြို့သစ်ရှိ ဌာနဆိုင်ရာအဆောက်အအုံများအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိ စာသင်ကျောင်းအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

✧ စာမျက်နှာ ၁၆ မှ

အလုံး ၁၀၀၊ လေးထပ်တိုက် အလုံး၂၀ နှင့် ငါးထပ်တိုက်နှစ်လုံး၊ တစ်ထပ်တိုက် ဈေးဆိုင်ခန်းအလုံး ၂၀၊ နှစ်ထပ်တိုက် ဈေးဆိုင်ခန်း အလုံး ၃၀၊ တစ်ထပ်တိုက် ဂိုဒေါင် ၁၅လုံး၊ နှစ်ထပ်တိုက် ဂိုဒေါင် အလုံး ၂၀၊ လေးထပ်တိုက်ဂိုဒေါင် ၁၀ လုံး၊ ဆောက်လုပ်ဆဲ နှစ်ထပ်တိုက် ၂၁ လုံး၊ သုံးထပ်တိုက် ၁၀ လုံး၊ လေးထပ်တိုက် ငါးလုံး၊ ငါးထပ်တိုက် ငါးလုံးနှင့် တစ်ထပ်တိုက် ဆေးပေးခန်း နှစ်ခန်းတို့ကို တွေ့ရှိခဲ့ပြီး အဆိုပါအဆောက်အအုံများအတွင်းမှ အလုပ်သမား အမျိုးသား ၁၆၄၅ ဦး၊ အမျိုးသမီး ၄၅၅ ဦး၊ လုံခြုံရေး (ကျား) ၉၈ ဦး စုစုပေါင်း ၂၁၉၈ ဦးတို့အား တွေ့ရှိခဲ့သည်။

အဆိုပါ KK Park ဝင်းအတွင်းရှိ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှု၊ မြေပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ တရားဝင်ခွင့်ပြုမိန့်၊ မြေပိုင်ဆိုင်ခွင့် အထောက်အထား၊ `ဟိုတယ်နှင့် ခရီးသွားလာရေး၏ ဆောက်လုပ်ခွင့်၊ ခွင့်ပြုမိန့်များနှင့်ပတ်သက်၍ တရားဝင် စာရွက်စာတမ်းများ စစ်ဆေးတွေ့ရှိခြင်း မရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား ဆင့်ခေါ်ရာတွင်လည်း လာရောက်ခဲ့ခြင်းမရှိသည့်အတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် ဆက်လက်တိုက်စစ်အရှိန်အဟုန်ဖြင့် စစ်ဆင်မှုပြုလုပ်ခဲ့ရာ ၂၀၂၄ ခုနှစ်က KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများထိန်းချုပ်ခဲ့သည့် ရှုခင်းသာစခန်းအား အောက်တိုဘာ ၁၇ ရက်တွင်လည်းကောင်း၊ ပွိုင့်-၁၀၇၈ စွယ်တော် စခန်းကုန်းအား ယနေ့တွင် လည်းကောင်း အဆင့်ဆင့် သိမ်းပိုက်နိုင်ခဲ့ပြီး နယ်စပ်ဒေသ တစ်လျှောက်ရှိ အဓိက အချက်အချာကျသည့် နေရာများအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် နယ်စပ်ဒေသတစ်လျှောက် တပ်မတော် စစ်ကြောင်းများက ဆက်လက် ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော် စစ်ကြောင်းများက လက်ခတ်တောင်အား သိမ်းပိုက်ရရှိသည့် မှတ်တမ်းဓာတ်ပုံ။

မြန်မာ- ထိုင်းနယ်စပ်ဒေသ မြဝတီမြို့နယ် KK Park အတွင်း တရားမဝင်တပ်ဆင်ထားသည့် Starlink များ ဖြုတ်သိမ်းမှု မှတ်တမ်း။





မြဝတီမြို့နယ် KK park အတွင်းရှိ အဆောက်အအုံ အမိုးပေါ်၌တပ်ဆင်ထားသည့် တရားမဝင် Starlink များအား ဖြုတ်သိမ်းနေပုံ။







လေးကေ့ကော်မြို့သစ်ရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများအား အကြမ်းဖက်သမားများက ဘန်ကာများပြုလုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိ ဌာနဆိုင်ရာအဆောက်အအုံများအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက KK Park ဝင်းအတွင်း လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်နေသည့်မှတ်တမ်းဓာတ်ပုံ။







တပ်မတော်စစ်ကြောင်းများက KK Park ဝင်းအတွင်း လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်နေသည့်မှတ်တမ်းဓာတ်ပုံ။



တပ်မတော် စစ်ကြောင်းများက လက်ခတ်တောင်အား သိမ်းပိုက်ရရှိသည့် မှတ်တမ်းဓာတ်ပုံ။

တပ်မတော် စစ်ကြောင်းများက ရှုခင်းသာစခန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



ရန်ကုန် အောက်တိုဘာ ၁၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr.Evgeny Grigoryev ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။

အဆိုပါအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားတိုင်းရင်းသူ၊ ကျောင်းသား ကျောင်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လေဆိပ်ဧည့်ခန်းမ၌ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌထံ မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဆောင်ရွက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



# ကဝမြို့နယ်၌ အနာကြီးရောဂါအကြောင်း အသိပညာပေး ဟောပြော

ကဝ အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ ပြည်သူများအား အနာကြီးရောဂါနှင့်ပတ်သက်သောအကြောင်းအရာများ အသိပညာပေး ဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက သပြုကျေးလက်ကျန်းမာရေး ဌာန၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်း၏ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အနာကြီးရောဂါသည် တခြားကူးစက်ရောဂါများကဲ့သို့ ပိုးကြောင့်ဖြစ်ကြောင်း၊ ဆေးမကုရသေးသည့် လူနာထံမှတစ်ဆင့် ကူးစက်တတ်ကြောင်း၊ လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကျား/မ ကြီးငယ်မရွေး၊ ရာသီဥတုမရွေး၊ လူသားတိုင်းဖြစ်နိုင်ကြောင်း၊ ဖြစ်ကာစလက္ခဏာသည် ခန္ဓာကိုယ်မည်သည့်နေရာမဆို အကွက်ထွက်၍ ထုံနေကြောင်း၊ ထိုသောအကွက်များရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ပြသကြရန်လိုကြောင်း၊ အနာကြီးရောဂါသည် အခြားရောဂါများကဲ့သို့ ကာကွယ်ဆေးမရှိကြောင်း၊ ဖြစ်ပေါ်လာပါက ကုသလို့ရနိုင်ကြောင်း စသည်ဖြင့် ရှောင်ရမည့်အချက်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

# ပန်းတနော်မြို့နယ် သမဝါယမအသင်းစုရုံးတွင် ကာလလွန်ကြွေးကျန်များ ပြန်လည်ပေးဆပ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

ပန်းတနော် အောက်တိုဘာ ၁၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပန်းတနော်မြို့နယ် သမဝါယမဦးစီးဌာန သမဝါယမ အသင်းစုရုံးတွင် ကာလလွန်ကြွေးကျန်များ ပြန်လည်ကောက်ခံရရှိရေးအတွက် အမှုဆောင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းကို ယမန်နေ့က ပန်းတနော်မြို့နယ် သမဝါယမ အသင်းစုရုံး၌



ပြုလုပ်သည်။

တွေ့ဆုံညှိနှိုင်းဆွေးနွေးရာတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းက ကာလလွန်ကြွေးကျန်များ အမြန်ဆုံး ပြန်လည် ပေးဆပ်နိုင်ရေးနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပန်းတနော်မြို့နယ်အတွင်းရှိ သမဝါယမ အသင်းစု အသင်းသား၊ အမှုဆောင်များက တင်ပြလိုသည့်အချက်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နမ့်စန်(တ)မြို့နယ်၌ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

တောင်ကြီး အောက်တိုဘာ ၁၉

ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် နမ့်စန်(တ)မြို့နယ်အတွင်း သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်တိုဘာ



၁၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နမ့်မော်ခေါက်ဆင့်ကျေးရွာရှိ မိုးစပါးစီမံကိန်း (သက်တံ့ရောင်စီမံကိန်း) သီးနှံစိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် "နမ့်တိန်း" စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**လမ်းညွှန်မှာကြား**


အဆိုပါအသင်းမှ အသင်းသားများက ရွှေရင်အေးစပါးမျိုး ဧက ၉၀ နှင့် အောင်နိုင်တိုးစပါးမျိုး ၁၀ ဧကစိုက်ပျိုးထားပြီး အသင်းမှ လိုအပ်သောငွေကြေးအရင်းအနှီး၊ သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးနှင့် သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှုလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

# ပင်လောင်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ပြည်သူများအား ကွင်းဆင်းဆေးကုသ

ပင်လောင်း အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တောင်ထိဗွာ ကျေးရွာအုပ်စု နန်းပန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီထိ ရပ်ဟန်းရှင်လူ ပြည်သူများအား အထူးကုဆရာဝန်များက ကျန်းမာရေးစစ်ဆေးမှုများနှင့် ဆေးကုသမှုများ ကွင်းဆင်း ဆောင်ရွက်ပေးကြသည်။



ကွင်းဆင်း ဆေးကုသရာတွင် ရပ်ဟန်းရှင်လူ ပြည်သူများအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ECG စက်ဖြင့် ရောဂါစစ်ဆေးပေးခြင်း၊ အထွေထွေရောဂါများ စမ်းသပ် စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူရန်လိုအပ်သူများကို ရောဂါကုသပေးခြင်းနှင့် သက်ဆိုင်ရာရောဂါ စားဆေးသောက်ဆေးများကို ပေးဝေခဲ့သည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှုများကို ကလောခရိုင် ပြည်သူ့ဆေးရုံကြီးမှ အရိုးအထူးကု၊ ကလေးအထူးကု၊ မေ့ဆေးအထူးကု၊ သားဖွားနှင့်မီးယပ်အထူးကု၊ ခွဲစိတ်အထူးကု၊ သွားနှင့်ခံတွင်းဆရာဝန်များက နန်းပန်းကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ရပ်ဟန်းရှင်လူပြည်သူ ၄၈၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပခုက္ကူမြို့၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်း

မကွေး အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်နည်း ပညာသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပခုက္ကူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးမှူး ဒေါ်လှဌေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းထွက်ကုန်ချောအထည်များ၊ သင်တန်း



ထူးချွန်ဆုရရှိသူ နှစ်ဦးအား ကိုယ်ပိုင်လုပ်ငန်း ထူထောင်လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်တစ်လုံးစီတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခြေခံစက်ချုပ်နည်းပညာသင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သင်တန်းသူများ ကိုယ်တိုင် ဒီဇိုင်းရေးဆွဲချုပ်လုပ်ထားသည့် အဝတ်အထည်ဒီဇိုင်းများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ ၂၀ တက်ရောက်ကြပြီး တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

ကမ္ဘာ့စာရင်းအင်းနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# လူတိုင်းအတွက် အရည်အသွေးပြည့်စာရင်းအင်း (Quality Statistics for Everyone)

ချိုချိုဝင်း(စာရင်းအင်းပညာ)

**စာရင်းအင်းအချက်အလက်များသည် နိုင်ငံနှင့် ပြည်သူအားလုံး၏ အကျိုးအတွက် အဓိကအခန်းကဏ္ဍမှ အထောက်အပံ့ပေးနေခြင်းကို အသိအမှတ်ပြုရန် ရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂအဖွဲ့က ပထမဆုံး ကမ္ဘာ့စာရင်းအင်းနေ့ကို ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စတင်ကျင်းပခဲ့ပါသည်။ ကမ္ဘာ့စာရင်းအင်းနေ့ကို ငါးနှစ်လျှင်တစ်ကြိမ် ကျင်းပရန်သတ်မှတ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အခမ်းအနားများ ကျင်းပခဲ့ကြပါသည်။**

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့သည် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့စာရင်းအင်းနေ့ဖြစ်ပြီး ကမ္ဘာ့စာရင်းအင်းနေ့၏ ဆောင်ပုဒ်မှာ လူသားတိုင်း အရည်အသွေးပြည့် စာရင်းအင်းအချက်အလက်များ ရယူသုံးစွဲနိုင်သည့် အခွင့်အရေးရရှိစေရန် ရည်ရွယ်ချက်ဖြင့် **လူတိုင်းအတွက် အရည်အသွေးပြည့် စာရင်းအင်းနှင့် အချက်အလက်များ (Quality Statistics and Data for Everyone)** ဟု ဖော်ပြထားပါသည်။

**အရည်အသွေးပြည့် စာရင်းအင်း**

ယနေ့ခေတ်တွင် သတင်းအချက်အလက် (Information) နှင့် ဒေတာ (Data) တို့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍနှင့် စီးပွားရေးအဖွဲ့အစည်းများ၊ သုတေသနပညာရှင်များနှင့် ပြည်သူပြည်သားများအတွက် အလွန်အရေးကြီးသည့် အရင်းအမြစ်တစ်ခု ဖြစ်လာပါသည်။ စာရင်းအင်းမရှိလျှင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိကျမှန်ကန်စွာ တိုင်းတာနိုင်ခြင်း မရှိသကဲ့သို့ အရည်အသွေးမပြည့်မီသည့် စာရင်းအင်းများကလည်း မှားယွင်းသည့် ဆုံးဖြတ်ချက်များ ချမှတ်စေပြီး လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအဆင့်တွင် အကျိုးဆက်များ ကြီးမားစွာဖြစ်ပေါ်စေနိုင်ပါသည်။

ဒေတာများကို စနစ်တကျစုဆောင်းခြင်း၊ အဓိကအချက်အလက်များကို ခွဲခြားဖော်ထုတ်ခြင်းနှင့် အမှန်တကယ်အသုံးချနိုင်စေရန် လေ့လာဆန်းစစ်ခြင်းတို့သည် အရည်အသွေးပြည့် စာရင်းအင်း (Quality Statistics) အဖြစ် အသိအမှတ်ပြုခံရပါသည်။ စာရင်းအင်း၏ အရည်အသွေးကို တိကျမှန်ကန်မှု၊ ယုံကြည်စိတ်ချရမှု၊ အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်မှု၊ သုံးစွဲသူလိုအပ်ချက်နှင့်ကိုက်ညီမှု၊ နှိုင်းယှဉ်နိုင်မှု၊ ရယူနိုင်မှု စသည်တို့ဖြင့် တိုင်းတာနိုင်သည်။

**အရည်အသွေးပြည့် စာရင်းအင်း၏ အဓိကအချက်များ**

**(က) တိကျမှန်ကန်မှု (Accuracy)**

- အချက်အလက်များသည် လက်တွေ့အခြေအနေ (မြေပြင်အခြေအနေ)နှင့် အနီးစပ်ဆုံးတူညီစေရမည်။
- အချက်အလက် ကောက်ယူ၊ စုစည်း၊ တွက်ချက်၊ ထုတ်ပြန်ဆောင်ရွက်သည့် အဆင့်တိုင်းတွင် ဖြစ်နိုင်ခြေရှိသည့် အမှားများကို အနည်းဆုံး ဖြစ်စေရမည်။

**(ခ) ယုံကြည်စိတ်ချရမှု (Reliability)**

- စာရင်းအင်းများကို တရားဝင်ထုတ်ပြန်ခွင့်ရှိသော အဖွဲ့အစည်းကသာ ထုတ်ပြန်ရမည်။
- စာရင်းအင်းအသုံးပြုသူများအနေဖြင့် အခိုင်အမာ အားကိုးနိုင်ရန်နှင့် ယုံကြည်စွာ သုံးစွဲနိုင်ရန် တရားဝင်စာရင်းအင်းများကို စနစ်တကျ ထုတ်ပြန်ပေးရမည်။

**(ဂ) အချိန်မီရရှိနိုင်မှု (Timeliness)**

- စာရင်းအင်း၏ အရည်အသွေးနှင့် တန်ဖိုးသည် ထုတ်ပြန်ပေးသည့် အချိန်ကာလအပေါ် များစွာမူတည်နေသည့်အတွက် အချိန်မီထုတ်ပြန်ပေးရမည်။
- အချက်အလက်များကို အသုံးပြုသူများ လိုအပ်သည့်အချိန်တွင် ထုတ်ပြန်ပေးနိုင်ခြင်းသည် စာရင်းအင်းအရည်အသွေး၏ အခြေခံလိုအပ်ချက်ဖြစ်သည်။

**(ဃ) သုံးစွဲသူလိုအပ်ချက်နှင့် ကိုက်ညီမှု (Relevance)**

- စာရင်းအင်းသည် သုံးစွဲသူတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ပေးနိုင်မှသာ ဆုံးဖြတ်ချက်ချခြင်း၊ မူဝါဒချမှတ်ခြင်းတို့ ဆောင်ရွက်နိုင်မည်။

**(င) နှိုင်းယှဉ်နိုင်မှု (Comparability & Consistency)**

- စာရင်းအင်းများကို နည်းပညာအသုံးပြု၍ ထုတ်လုပ်ပေးပြီး အချိန်ကာလအလိုက်၊ နေရာဒေသအလိုက် နှိုင်းယှဉ်အသုံးပြုနိုင်ရန် ဆောင်ရွက်ရမည်။

> **ယနေ့ခေတ်တွင် သတင်းအချက်အလက် (Information) နှင့် ဒေတာ (Data) တို့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍနှင့် စီးပွားရေးအဖွဲ့အစည်းများ၊ သုတေသနပညာရှင်များနှင့် ပြည်သူပြည်သားများအတွက် အလွန်အရေးကြီးသည့် အရင်းအမြစ်တစ်ခုဖြစ်လာပါသည်။ စာရင်းအင်းမရှိလျှင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိကျမှန်ကန်စွာ တိုင်းတာနိုင်ခြင်း မရှိသကဲ့သို့ အရည်အသွေးမပြည့်မီသည့် စာရင်းအင်းများကလည်း မှားယွင်းသည့် ဆုံးဖြတ်ချက်များ ချမှတ်စေပြီး လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအဆင့်တွင် အကျိုးဆက်များ ကြီးမားစွာဖြစ်ပေါ်စေနိုင်**

**(စ) ရယူနိုင်မှု (Accessibility)**

- စာရင်းအင်း သုံးစွဲသူများအတွက် လွယ်ကူစွာရယူနိုင်ပြီး အချက်အလက်များ၏ ခိုင်မာမှုကို Meta Data ဖြင့် ဖော်ပြပေးရမည်။

**အရည်အသွေးပြည့် စာရင်းအင်း၏ အရေးပါမှု**

**(က) နိုင်ငံတော်အပေါ် သက်ရောက်မှု**

- အရည်အသွေးပြည့် စာရင်းအင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို တိကျမှန်ကန်စွာ ဆုံးဖြတ်နိုင်ရန် အဓိက အားထားရမည့် အချက်အလက်ဖြစ်သည်။
- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ မူဝါဒရေးဆွဲခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း (M&E) ဆောင်ရွက်ခြင်းတို့တွင် အရည်အသွေးပြည့်စာရင်းအင်းက များစွာအထောက်အပံ့ပြုလျက်ရှိပါသည်။

**(ခ) စီးပွားရေးအပေါ် သက်ရောက်မှု**

- စီးပွားရေးလုပ်ငန်းများ၏ အောင်မြင်မှုအခြေအနေသိရှိရန်နှင့် ထိရောက်သော စီမံခန့်ခွဲမှု ဆောင်ရွက်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အရည်အသွေးပြည့် စာရင်းအင်းက လမ်းညွှန်ပေးလျက်ရှိပါသည်။

**(ဂ) လူမှုရေးအပေါ် သက်ရောက်မှု**

- တိကျမှန်ကန်သော လူဦးရေစာရင်း၊ ကျန်းမာရေးအချက်အလက်များနှင့် ပညာရေးအချက်အလက်များကို အသုံးပြု၍ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် လူမှုဘဝသာယာဝပြောရေးအတွက် အစိုးရမှ ဆုံးဖြတ်ချက်နှင့် မူဝါဒများ ချမှတ်နိုင်သည်။

**(ဃ) ပညာရေးနှင့် သုတေသနအပေါ် သက်ရောက်မှု**

- သုတေသနပြုလုပ်ငန်းများဆောင်ရွက်ရာတွင် စာရင်းအင်းမှန်ကန်မှုမရှိပါက မှားယွင်းသောရလဒ်ကို ဖြစ်ပေါ်စေနိုင်သည်။
- အရည်အသွေးပြည့် စာရင်းအင်းဖြင့်သာ ကျွမ်းကျင်ပညာရှင်များက တိကျသောသုတေသနရလဒ်များ ထုတ်ပြန်နိုင်မည်။

**အရည်အသွေးပြည့် စာရင်းအင်းထုတ်လုပ်ရန် လိုအပ်သည့် အခြေခံအချက်များ**

**(က) စာရင်းများကို စနစ်တကျ စုစည်းခြင်း (Systematic Data Collection)**

- စာရင်းကောက်ယူရန် အသုံးပြုသည့် စနစ်၊ နည်းလမ်းများကို တိကျစွာ သတ်မှတ်ထားပြီး လိုက်နာကျင့်သုံးရမည်။

**(ခ) နည်းပညာအသုံးပြုခြင်း (Use of Technology)**

- အမှားများ လျော့နည်းစေသည့် ဒစ်ဂျစ်တယ်စနစ်များ၊ အလိုအလျောက် ဒေတာထည့်သွင်းစနစ်များကို အသုံးပြုရမည်။

**(ဂ) အဖွဲ့အစည်းအဆင့် အားကောင်းစေခြင်း (Institutional Strength)**

- တရားဝင်စာရင်းအင်းထုတ်လုပ်သည့် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများသည် တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့်လည်းကောင်း၊ ပူးပေါင်းချိတ်ဆက်မှု အားကောင်းစေခြင်းဖြင့်လည်းကောင်း ဆောင်ရွက်မှသာ အရည်အသွေးပြည့် စာရင်းအင်းရရှိနိုင်မည်။

**(ဃ) စွမ်းရည်တည်ဆောက်ခြင်း (Capacity Building)**

- စာရင်းအင်းဆိုင်ရာ ပညာရပ်များ သင်ကြားပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ဖြင့် တိကျမှန်ကန်သော စာရင်းအင်းများကို ထုတ်လုပ်နိုင်မည်။

**(င) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (International Cooperation)**

- နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စာရင်းအင်းအရည်အသွေး တိုးတက်စေရန် စနစ်တကျဆောင်ရွက်ရမည်။

**စိန်ခေါ်မှုများ**

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော စာရင်းအင်းစနစ်မှာ ဗဟိုချုပ်ကိုင်မှုလျှော့ချသော စာရင်းအင်းစနစ် (Decentralize Statistical System) ဖြစ်သောကြောင့် စာရင်းအင်းများကို သက်ဆိုင်ရာဌာနအလိုက် ပြုစုဆောင်ရွက်ကြရသည်။ အချို့သော စာရင်းအင်းအညွှန်းကိန်းများသည် ဌာနတစ်ခုတည်း၏ ဆောင်ရွက်မှုဖြင့် ပြည့်စုံမှုမရှိသည့်အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းကောင်းဖြင့် ဆောင်ရွက်ကြရမည်။ အချက်အလက်များကို ထုတ်လုပ်ရာတွင်လည်း တူညီသော အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်မှုနည်းလမ်း၊ အသုံးပြုသည့် ယူနစ်စသည်တို့ တူညီစေရေး ညှိနှိုင်းဆောင်ရွက်နေရမည်ဖြစ်ပါသည်။

ခေတ်နှင့်လိုက်လျောညီထွေမှုရှိသည့် အချက်အလက်အသစ်များ ထုတ်လုပ်နိုင်ရန်၊ အချက်အလက်များ ပြည့်စုံလာစေရန်၊ ခေတ်မီနည်းပညာနှင့် စာရင်းအင်းဆိုင်ရာ Software များ အသုံးပြုစေရန်၊ စာရင်းအင်းပညာ ကျွမ်းကျင်သူများ ဖြစ်လာစေရန်နှင့် လူထုမှ အချက်အလက်အပေါ် ယုံကြည်စိတ်ချမှုရှိလာစေရန် စသည့်စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါသည်။

**အခိုင်အမာ အားကိုးရာ**

အရည်အသွေးပြည့် စာရင်းအင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးစီမံခန့်ခွဲမှု၊ သုတေသနဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံကျကျ ပံ့ပိုးပေးနိုင်သည့်အတွက် အခိုင်အမာ အားကိုးရာဖြစ်ပါသည်။ ထို့ကြောင့် စာရင်းအင်းဆိုင်ရာ အဖွဲ့အစည်းများ၊ စာရင်းအင်းဌာနများနှင့် ပြည်သူအားလုံးတို့သည် အရည်အသွေးပြည့် စာရင်းအင်းများကို ဖန်တီးထုတ်လုပ်ရန်၊ ထိန်းသိမ်းရန် အမြဲကြိုးပမ်းရမည်။ အရည်အသွေးပြည့် စာရင်းအင်းဖြင့် လူမှုဘဝသာယာဝပြောရေးအတွက် ယုံကြည်စိတ်ချရသော ဆုံးဖြတ်ချက်များ၊ မူဝါဒများ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# (၂၄)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင် အခမ်းအနား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၉**

(၂၄)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော် စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်ကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့်ဘုရား မြို့လယ်ဓမ္မာရုံ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သြဝါဒါစရိယ တောင်ကြီးမြို့ ကံသာရပ်ကွက် စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့တို့က ကမ္ဘောဇသာမဏေကျော်ဘွဲ့ရသာမဏေကျော်များအား ဘွဲ့တံဆိပ်တော်နှင့် အလံတော်များကိုလည်းကောင်း၊ စာမေးပွဲအဆင့်အလိုက် အောင်လက်မှတ်စာအောင်ဆုများကိုလည်းကောင်း၊ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား နာယူကြည်ညိုကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင် အသိပညာပေး Bill Board ဖွင့်ပွဲကို တောင်ကြီးမြို့ဗိုလ်ချုပ်ပန်းခြံရှေ့၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်အသိပညာပေး Bill Board ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်သည့် သူနာပြုသင်တန်းကျောင်းနှင့် တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ သင်တန်းသူ သင်တန်းသားများ၊ ကျောင်းသူ ကျောင်းသားများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ထို့နောက် တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ကျင်းပသည့် မြန်မာနိုင်ငံ မြင်းချစ်သူများ စုပေါင်းမြင်းစီးခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံမြင်းချစ်သူများအဖွဲ့ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး မြင်းစီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။ ကိန္နရီ၊ ကိန္နရာ၊ တိုးနယားအကအလှများ၊ မြင်းစီးအကအလှပြကွက်များ၊ မြင်းစီးအားကစားသမားများက ရေအိုးကိုင်ဆောင်မြင်းစီးပြသခြင်းတို့ဖြင့် ဖျော်ဖြေကြကာ ရန်ကုန်တိုင်းဒေသကြီး မြင်းစီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌက စုပေါင်းမြင်းစီးပွဲကို စတင်တာလွှတ်ပေးသည်။

အဆိုပါ မြန်မာနိုင်ငံ မြင်းချစ်သူများ စုပေါင်းမြင်းစီးခြင်းကို တောင်ကြီးမြို့နယ် ညိုမီးရွာရှိထင်းရှူးတောတန်းများတွင် လှည့်လည်စီးနင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများ လှူဒါန်းထောက်ပံ့

**မြစ်ကြီးနား အောက်တိုဘာ ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ သဲဖြူကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာဇောတအား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြည်နယ်အတွင်းရှိ ဒေသခံ မျက်စိရောဂါဝေဒနာ ခံစားနေရသူများအား စက္ခုဒါနအဖြစ် အခမဲ့မျက်စိ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာသို့ သဲဖြူကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာဇောတ ကြွရောက်တော်မူပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက ဖူးမြော်ကြည်ညိုကြကာ ပြည်သူ့ဆေးရုံကြီး သုံးထပ်လူနာဆောင်၌ စက္ခုဒါနအဖြစ် အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသမှု ခံယူရန် လာရောက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြပြီး မုန့်နှင့် ရေသန့်ဘူးများ၊ နေ့လယ်စာ ထမင်းဘူးများကို ဒါနပြုကျွေးမွေးကြသည်။

ယင်းနောက် မျက်စိစမ်းသပ်ကုသရန် လာရောက်ကြသူများအား စာရင်းသွင်းလက်ခံခြင်း၊ စမ်းသပ်ပေးခြင်းနှင့် ခွဲစိတ်ကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ခွဲစိတ်ကုသမှုခံယူကြသော လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြကာ ဆေးဝါးနှင့် မျက်မှန်များကို လှူဒါန်းထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းအတွက် စက္ခုအလင်း ကျန်းမာရေးကုသိုလ်ပြု အလှူရှင်များ၏ အလှူရေစက်ချအခမ်းအနားကို ကျင်းပရာ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ အနုမောဒနာတရားတော်များ နာယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။



အဆိုပါ စက္ခုဒါနအဖြစ် အခမဲ့မျက်စိခွဲစိတ် ကုသပေးခြင်းကို မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး သုံးထပ်လူနာဆောင်၌ အောက်တိုဘာ ၁၆ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးမေခခန်းမ၌ ဆရာတော်ကြီးက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၁၅၀၀ ထောက်ပံ့လှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား အမှူးထား၍ အလှူရှင် ဦးဘရန်မိုင်က ကျောင်းသုံးစာအုပ်၊ ဘောပင်၊ ခဲတံဒါဇင် ၁၅၀၀ စီ လှူဒါန်းထောက်ပံ့ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဆရာတော်ထံမှ ဆုံးမသြဝါဒကထာ အနုမောဒနာတရားတော်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ လှူဒါန်းမှုတို့အတွက် ပြည်နယ်လူမှုရေးရာဝန်ကြီးက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း လျှောက်ထားပြီး ဆရာတော်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်၊ ဘောပင်၊ ခဲတံတို့ကို လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တန့်ယန်းမြို့နယ်၌ သံဃာဆေးကုသဆောင်သစ် ဖွင့်လှစ်

**တန့်ယန်း အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် သြဝါဒါစရိယ ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် စုပေါင်းအလှူရှင်များ ဆောက်လုပ်လှူဒါန်းခဲ့သော သံဃာဆေးကုသဆောင် နှစ်ထပ်ဆောင်သစ်ဖွင့်ပွဲနှင့် လှူဒါန်းရေစက်ချပွဲ အခမ်းအနားကို ပြည်သူ့ဆေးရုံ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



သံဃာဆေးကုသဆောင်သစ်အား တောင်တန်းသာသနာပြု ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုခမိန္ဒ၊ ကိုင်းကုန်း ပရိယတ္တိဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောလိယနှင့် ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် လှူဒါန်းရေစက်ချပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တောင်တန်းသာသနာပြု ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုခမိန္ဒထံမှ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများနှင့် အလှူရှင်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ လှူဒါန်းဖွယ်ရာများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ဆောက်လုပ်လှူဒါန်း**

အဆိုပါသံဃာဆေးကုသဆောင်သစ်ကို သြဝါဒါစရိယဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် စုပေါင်းအလှူရှင် စေတနာရှင်များက စုစုပေါင်းငွေကျပ် ၄၆၇၆၈၅၁၀၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


**မင်းလွင်ဦး(တန့်ယန်း)**

❖

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# သတင်းနည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှု (၃)

**နီဇော်သစ်**



ရှေးရိုးစဉ်လာ စီးပွားရေးသီအိုရီအရ လုပ်အား၏ထုတ်လုပ်မှုတန်ဖိုး တိုးတက်ခြင်းသည် လုပ်သားတို့အတွက် လုပ်ခလစာမြင့်တက်လာခြင်းဟု ဆိုလိုသည်။ လုပ်အား၏ ထုတ်လုပ်မှုတန်ဖိုးဆိုသည်မှာ အလုပ်၏ တစ်နာရီအတွင်း ထုတ်လုပ်နိုင်စွမ်းဖြစ်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်မြင့်မားလာခြင်းသည် လုပ်သားတို့ လုပ်ခလစာ တိုးတက်မြင့်မားလာခြင်းနှင့် တူညီသည်။ ယင်းမှာ ၂၀ ရာစုကာလတော်တော်များများအထိ မပြောင်းလဲသော အမှန်တရား။ သို့သော် ၂၀ ရာစုနှောင်းပိုင်းနှင့် ၂၁ ရာစု အစောပိုင်းမှစ၍ ထိုမြင်ကွင်းမှာ တဖြည်းဖြည်းပြောင်းလဲလာသည်။ စီးပွားရေးအရ ရှေ့မှ ဦးဆောင်နေသော နိုင်ငံတော်တော်များများတွင် ထုတ်လုပ်မှုစွမ်းအား မြင့်တက်လာသော်လည်း လုပ်အားခတို့မှာ တိုးတက်လာခြင်းမရှိ၊ သို့မဟုတ် အလွန်နှေးကွေးစွာ တိုးတက်လာသည်။ ယခင်လို တစ်သားတည်းကျမနေတော့။ ယင်းကို စီးပွားရေးပညာရှင်တို့က ကုန်ထုတ်လုပ်မှုစွမ်းအားမှ လုပ်ခလစာ ဖယ်ခွာသွားခြင်းဟု ခေါ်ကြသည်။

“ပြီးခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုအတွင်း အိုအီးဒီစီ အဖွဲ့ဝင်နိုင်ငံအများစုမှာ ထုတ်လုပ်မှုစွမ်းအားတိုးတက်မှု စုစုပေါင်းက အမှန်တကယ် ပျမ်းမျှလုပ်အားခ တိုးတက်နှုန်းကနေ ဖယ်ခွာသွားတယ်။ ဆိုလိုတာက ထုတ်လုပ်မှုစွမ်းအား တိုးတက်တာဟာ ပုံမှန်လုပ်သားတွေရဲ့ တကယ့်လုပ်ခလစာကို လုံလုံလောက်လောက် မတိုးတက်စေတော့ဘူး”ဟု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အိုအီးဒီစီ၏ စာတမ်းတစ်စောင်တွင် ဖော်ပြထားသည်။ ထိုစာတမ်းကို ၂၀၁၇ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်၍ ထိုစာတမ်းထဲမှ ဆယ်စုနှစ်နှစ်ခုဆိုသည်မှာ ၂၀ ရာစု နောက်ဆုံး ဆယ်စုနှစ်နှင့် ၂၁ ရာစု ပထမဆုံးဆယ်စုနှစ်ကို ဆိုလိုခြင်းဖြစ်သည်။

ယင်းမှာ ပြီးခဲ့သည့် အပတ်က ဖော်ပြခဲ့သော ငွေရင်းနှင့် လုပ်အားဝေစုအတွင်း ပါဝါပြန်လည်ဖြန့်ဝေမှု၏ တစ်စိတ်တစ်ပိုင်းဟု ဆိုနိုင်သည်။ သို့သော် ယခုရှုထောင့်မှ ကြည့်ချိန်တွင် ထိုပါဝါပြန်လည်ဖြန့်ဝေမှုသည် လုပ်ငန်းပိုင်ဆိုင်သူများနှင့် လုပ်သားတို့ကြားမှ ကိစ္စသက်သက်မဟုတ်တော့ဘဲ တိုင်းပြည်နိုင်ငံတို့၏ ထုတ်လုပ်မှုစွမ်းအားနှင့် လုပ်ခလစာရရှိမှုတို့ ပါဝင်လာသည်ကို မြင်ရမည်ဖြစ်သည်။ တိုင်းပြည်နိုင်ငံတစ်ခု၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်ခြင်းသည် ကောင်းသည့်အချက်ဖြစ်သော်လည်း တစ်ဖက်တွင် လုပ်ခလစာများ လိုက်ပါတိုးတက်မှုမရှိခြင်းသည် တိုင်းပြည်၏ ဝင်ငွေလည်ပတ်စီးဆင်းမှုအပေါ် သက်ရောက်မှုရှိသလို အဆိုးဆုံးအနေဖြင့် အလုပ်လက်မဲ့ မြင့်တက်လာသည့်ပြဿနာများအထိ ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် သတင်းနည်းပညာအပါအဝင် အထွေထွေသုံးနည်းပညာတို့သည် စီးပွားရေးကိုသာမက နိုင်ငံရေး၊ လူမှုရေးတို့ကိုပါ သက်ရောက်မှုရှိစေသည်ဆိုသည့် အချက်ကို အခိုင်အမာမြင်တွေ့ရစေသည်။

သတင်းနည်းပညာက လုပ်အားခကို ထုတ်လုပ်မှုစွမ်းအားမှ ကွဲထွက်သွားအောင် ဘယ်လိုလုပ်ခဲ့သလဲဆိုသည်ကို သမိုင်းဖြစ်စဉ်အချို့အား ပြန်ကြည့်လျှင် သေသေချာချာ မြင်တွေ့နိုင်သည်။

၁၉၉၀ ပြည့်လွန်နှစ် နှောင်းပိုင်းကာလများနှင့် ၂၀၀၀ ပြည့်လွန်နှစ်များတွင်မူ အင်တာနက်၊ မိုဘိုင်းကွန်ပျူတာများ၊ အဆင့်မြင့်ဆော့ဖ်ဝဲများနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ ကျယ်ပြန့်လာခြင်းနှင့်အတူ လုပ်ငန်းတော်တော်များများသည် ကုန်ထုတ်လုပ်မှုတွင်သာမက ဝန်ဆောင်မှုလုပ်ငန်းများတွင်ပါ အလိုအလျောက်စနစ်များကို စတင်အသုံးပြုလာခဲ့ကြသည်။ အကြမ်းဖျင်းအားဖြင့် ထိုအချိန်မှစ၍ ထုတ်လုပ်မှုစွမ်းအားနှင့် အလယ်အလတ်တန်းစား လုပ်ခလစာတို့ စတင်ဖယ်ခွာလာကြသည်ဟု ဆိုနိုင်သည်။


၂၀၁၀ ပြည့်လွန်နှစ်များတွင် ထိုဖြစ်စဉ်ကို ပိုမိုသိသာလာသည်။ လုပ်ခလစာတိုးတက်မှု နှေးကွေးသည့်ထဲတွင် အလယ်အလတ်တန်းစား လုပ်ခလစာများက အဆိုးဆုံးဖြစ်သည်။ အိုအီးဒီစီ၏ အဆိုပါစာတမ်းထဲမှာပါပင် အိုအီးဒီစီအဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံမှာ လုပ်ခလစာတိုးတက်နှုန်း နှေးကွေးမှုနှင့် ရင်ဆိုင်နေရပြီး အလယ်အလတ်တန်းစား လုပ်ခလစာများမှာ အဆိုးဆုံးဖြစ်သည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် ပြန်ကြည့်လျှင် ပထမနှင့် ဒုတိယ စက်မှုတော်လှန်ရေးတို့သည် အခြေခံလုပ်သားတို့၏နေရာကို စက်များဖြင့် အစားထိုးလိုက်သော်လည်း အလယ်အလတ်တန်းစား အလုပ်အကိုင်အခွင့်အလမ်းတို့ကို လုံလုံလောက်လောက်ပြန်ပေးခဲ့ခြင်းဖြင့် တိုင်းပြည်နိုင်ငံတို့၏ ထုတ်လုပ်မှုစွမ်းအားနှင့် လုပ်အားတို့ကို ဘက်ညီစေခဲ့သည်။ တတိယစက်မှုတော်လှန်ရေးဟုခေါ်ကြသော သတင်းနည်းပညာတော်လှန်ရေးတွင် နည်းပညာသည် အလယ်အလတ်တန်းစားအလုပ်များကို ခွဲယူသွားပြီး အလုပ်အကိုင်အသစ်များ ပေါ်ထွက်စေခဲ့သော်လည်း ဘက်ညီသည့် လုပ်ခလစာမျိုး ဖန်တီးမပေးတော့ဟု ဆိုလိုသည်။

လုပ်ခလစာတိုးတက်မှုနှုန်း ကျဆင်းရသည့် အဓိကအချက်များထဲတွင် ချမ်းသာသောနိုင်ငံကြီးများမှ လုပ်ငန်းကြီးများသည် ဆင်းရဲသောနိုင်ငံများမှ လုပ်သားတို့ကို အွန်လိုင်းမှ အလုပ်ခန့်ထားနိုင်လာခြင်းဖြစ်သည်။ ထိုနည်းဖြင့် လုပ်ငန်းကြီးတစ်ခုလုံး ပြည်ပသို့ ရွှေ့သွားစရာမလိုဘဲ ပြည်ပ၏နိမ့်သော လုပ်ခလစာနှုန်းထား၏ အကျိုးပြုမှုကို စံစားရစေသည်။ နိုင်ငံကြီးများ၏ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း လျော့ပါးမှုကို ခံစားကြရသည်။ ယင်းမှာ အလုပ်အကိုင်အခွင့်အလမ်း ကျဆင်းသွားခြင်းမျိုး မဟုတ်သည့်တိုင် လုပ်ခလစာဘက်မှ ဝေစုကို ကျဆင်းသွားစေသည်။

“လက်တွေ့မှာ လုပ်သားတွေရဲ့ အရည်အသွေးမွမ်းမံဖို့၊ တိုးတက်အောင်လုပ်ဖို့ဆိုတာက ထုတ်လုပ်မှုစွမ်းအား တိုးတက်ဖို့အတွက်တင် မဟုတ်တော့ဘဲ ထုတ်လုပ်မှုစွမ်းအားထဲမှာ လုပ်အားရဲ့ဝေစုကို ပြန်ပြီး ကျယ်ပြန့်လာအောင် လုပ်ဖို့အတွက်ပါ အရေးကြီးနေပြီဖြစ်ပါတယ်”ဟု အိုအီးဒီစီ အစီရင်ခံစာထဲတွင် ဖော်ပြထားသည်။ ထိုသို့ လုပ်ဖို့ဆိုလျှင် တိုင်းပြည်နိုင်ငံများအနေဖြင့် ကုန်ထုတ်စွမ်းအားနှင့် လုပ်အားတို့သည် အပြန်အလှန် အာမခံချက်ပေးထားသည်ဟု ယခင်လို သဘောထားလို့ မရတော့ဘဲ ကုန်ထုတ်စွမ်းအားနှင့်အညီ လုပ်ခလစာတိုးတက်မှုလည်း ရှိရမည်ဆိုသည့် မူဝါဒမျိုးကို အတိအလင်းချမှတ်ဖို့ လိုအပ်လာပြီဖြစ်သည်။

ယင်းမှာ သတင်းနည်းပညာ၏ စီးပွားရေးမှတစ်ဆင့် နိုင်ငံရေးအထိ သက်ရောက်လာသည့် ပါဝါပြန်လည်ဖြန့်ဝေမှုကို အကြမ်းအားဖြင့် ဆွေးနွေးထားခြင်းဖြစ်ပါသည်။ သတင်းနည်းပညာ၏ ပထဝီနိုင်ငံရေး အပါအဝင် တိုင်းပြည်နိုင်ငံများအကြား နိုင်ငံရေးအားပြိုင်မှုများအပေါ် ပါဝါပြန်လည်ဖြန့်ဝေမှုကို ဆက်လက်ဆွေးနွေးသွားပါဦးမည်။

# အမှောင်ဒြပ်သားများကို ပထမဆုံးအကြိမ် မြင်တွေ့ရပြီဟု သိပ္ပံပညာရှင်များယူဆ




အမှောင်ဒြပ်သား သို့မဟုတ် မသိသောဒြပ်သားများဟုဆိုနိုင်သည့် Dark Matter တို့သည် စကြဝဠာ၏ လေးပုံတစ်ပုံကျော် နေရာယူထားကြသည့်တိုင် ယခုချိန်တွင် ယင်းတို့၏တည်ရှိမှုကို လက်တွေ့မျက်မြင်သက်သေမပြနိုင်ကြသေးပေ။ ယခုအချိန်တွင် ဂျွန်ဟော့ကင်းတက္ကသိုလ်နှင့် လိုက်ဘနစ်နက္ခတ္တ ရူပဗေဒ အင်စတီကျုတို့မှ သုတေသီများက ယင်းတို့ကို ပထမဆုံးအကြိမ် သက်သေပြနိုင်ပြီဟု ယူဆနေကြပြီဖြစ်သည်။

မသိသောဒြပ်သားတို့ကို မမြင်နိုင်သော်လည်း ယင်းတို့အချင်းချင်းတိုက်မိလျှင် ဂါမာလှိုင်းများ ပေါ်ထွက်လာမည်ဟု သီအိုရီ ရူပဗေဒပညာရှင်တို့က ခန့်မှန်းထားခဲ့ကြသည်။ ယခုသုတေသီတို့က နဂါးငွေ့တန်းကြယ်စုဗဟိုမှ ထူးခြားသော ဂါမာလှိုင်းထုတ်လွှတ်မှုများကို လေ့လာပြီးနောက် ယင်းမှာ အမှောင်ဒြပ်သားတို့၏ ခြေရာများဖြစ်မည်ဟု ယူဆခဲ့ကြခြင်းဖြစ်သည်။ ထိုအချက်သာ မှန်ကန်ခဲ့ပါက မသိသောဒြပ်သားတို့ကို ပထမဆုံးအကြိမ် လက်တွေ့ပြနိုင်ခြင်းဖြစ်လာလိမ့်မည်။

ထိုစာတမ်းကို ပူးတွဲရေးသားသူ ပါမောက္ခဂျိုးဆက်ဆစ်ခ်က “မသိတဲ့ဒြပ်သားတွေဟာ စကြဝဠာကို စိုးမိုးထားပြီးတော့ ကြယ်စုတွေကို ဖွဲ့စည်းတည်ရှိစေပါတယ်။ ကျွန်တော်တို့အနေနဲ့ အဲဒါတွေကို ဘယ်လိုတိုင်းတာလို့ရမလဲဆိုတာပဲ တစ်ချိန်လုံး အလေးအနက် စဉ်းစားနေခဲ့ကြတာပါ။ ကျွန်တော်တို့ကြယ်စုရဲ့ ဗဟိုကနေ အပိုအလျှံထွက်နေတဲ့ ဂါမာလှိုင်းတွေဟာ ပထမဆုံး သဲလွန်စဖြစ်နိုင်ပါတယ်”ဟု ဆိုသည်။

စကြဝဠာထဲတွင် မသိသေးသောဒြပ်သားများ ရှိနေကြောင်းကို ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက ကြယ်စုများ၏ လည်ပတ်နှုန်းကို လေ့လာရင်းတွေ့ရှိခဲ့ကြသည်။ မြင်နိုင်သော ဒြပ်သားတို့၏ ပမာဏနှင့် တိုင်းတာရရှိသည့် ကြယ်စုများ၏ လည်ပတ်နှုန်းကို နှိုင်းယှဉ်ကြည့်ရာတွင် မြင်ရသောဒြပ်သားပမာဏလောက်နှင့် ကြယ်စု၏ လည်ပတ်နှုန်းကို ဘယ်လိုမှ မဖြစ်စေနိုင်ဟု ယူဆခဲ့ကြရာမှ မသိသေးသောဒြပ်သားများရှိနေသည်ဆိုသည့် သဘောတရားပေါ်ထွက်လာခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ဒြပ်ဆွဲအားမှန်ဘီလူးလို နည်းပညာမျိုးကို အသုံးပြုချိန်၌ ကြယ်စုတစ်ခု၏ မြင်ရသော ဒြပ်သားများတင်မဟုတ်ဘဲ မသိသော ဒြပ်သားတို့၏ဆွဲအားကိုပါ ထည့်သွင်းအသုံးပြုခဲ့ပြီး သွယ်ဝိုက်သောနည်းအားဖြင့် မသိသော ဒြပ်သားများရှိနေခြင်းကို သက်သေပြနိုင်ခဲ့သည့်တိုင် တိုက်ရိုက် သက်သေပြနိုင်ခြင်းမျိုးတော့ မရှိသေးပေ။

သုတေသီတို့က မသိသောဒြပ်သားများ၏ အချင်းချင်းတိုက်မိလျှင် ဖြစ်လာနိုင်သည့် ဂါမာလှိုင်းထုတ်လွှတ်မှုများကို စူပါကွန်ပျူတာကြီးများသုံး၍ ပုံတူပြုခဲ့ကြသည်။ နှိုင်းယှဉ်စရာအဖြစ် အမေရိကန်အာကာသ အေဂျင်စီက လွှတ်တင်ထားသော ဖာမီဂြိုဟ်တုက ရိုက်ကူးပေးထားသည့်ပုံများကို သုံးခဲ့ကြသည်။

ဖာမီဂြိုဟ်တုသည် ၂၀၀၈ ခုနှစ်မှစတင်ကာ နဂါးငွေ့တန်းကြယ်စုကို ဂါမာလှိုင်းအသုံးပြု၍ မှတ်တမ်းတင်ခဲ့သည်။ ထိုမှတ်တမ်းများထဲတွင် ကြယ်စုဗဟို၌ ထူးခြားသော ဂါမာလှိုင်းထုတ်လွှတ်မှုများကို တွေ့ရှိခဲ့ကြသည်။ ထူးခြားသောဟုဆိုရသည်မှာ ထိုဂါမာလှိုင်းများ ထွက်လာသည့် အရင်းအမြစ်များကို မတွေ့ရ၍ဖြစ်သည်။ ထို့ကြောင့် စူပါကွန်ပျူတာများက ထုတ်ပေးသော ပုံတူပြုပုံများနှင့် တိုက်ကြည့်ချိန်တွင် တူညီနေသည်ကို တွေ့ခဲ့ရသည်။ သို့ဖြစ်၍ မသိသောဒြပ်သားတို့ကို ပထမဆုံးအကြိမ် တွေ့ရှိပြီဟု ယူဆခဲ့ကြခြင်းဖြစ်သည်။

# ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း (၁-၁၀-၂၀၂၅ ရက်နေ့မှ ၁၅-၁၀-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်များ ရှိသတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသော</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td></td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၂</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>ကောင်းမွန်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# မိုင်းရှူးမြို့နယ်၌ ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကျင်းပ

**မိုင်းရှူး အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ(ဖလား) ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးမျိုးမင်းဝင်းက အမှာစကားပြောကြားပြီး နမ့်ပါလန် FC အသင်းနှင့် Tai Land FC အသင်းတို့က ကွင်းဖွင့်ပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ဝါသနာရှင်မိဘပြည်သူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သန်းလှူ(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရောဝတီတံတား(ရတနာပုံ)နှင့် ကံတလူဂိတ်တို့ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့်တွေ့ဆုံ




မုံရွာ အောက်တိုဘာ ၁၉

စစ်ကိုင်းမြို့ ရောဝတီတံတား(ရတနာပုံ)နှင့် ကံတလူဂိတ်တို့ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရောဝတီတံတား(ရတနာပုံ)နှင့် စစ်ကိုင်းမြို့အထွက် ကံတလူဂိတ်တို့ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရီးသွားပြည်သူများ လုံခြုံစိတ်အေးချမ်းသာစွာဖြင့် ခရီးသွားလာနိုင်ရေး၊ တရားဝင်ကုန်စည်များ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးနှင့် ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ဆောင်ရွက်နေသည့်လုပ်ငန်းများအပေါ် တာဝန်ကျေပွန်လိုစိတ်ဖြင့် ဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် မြို့ဝင်မြို့ထွက် လုံခြုံရေးဂိတ်များတွင် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များအား တရားမဝင်ငွေကြေးကောက်ခံမှုများမရှိစေရေး၊ တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်ခြင်းများမရှိစေရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင်အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာများ အသိပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၁၉

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်ရုံးမှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာများကို ယမန်နေ့က အင်းစိန်မြို့နယ် အထက (၈) ၌ အသိပညာပေးဟောပြောသည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များနှင့် တိုင်းဒေသကြီး(ရုံးခွဲ) မှ စစ်ဆေးရေးမှူး(၃) ဦးခွန်အောင်ကိုကိုဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထုတ်ပြန်ထားသောစည်းကမ်းချက်များနှင့် သတိပြုလိုက်နာရမည့် မီးပွိုင့်များအကြောင်းနှင့် Road Signများအကြောင်းကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဝန်ထမ်းများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ တို့အား ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**





## ရေကြည်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရေကြည် အောက်တိုဘာ ၁၉

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ သဘာပတိက အမှာစကားပြောကြားပြီး ရောဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးဦးက သမဝါယမဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အသင်း၏ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်း အတည်ပြုချက်များကို ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ကေသွယ်ဝင်းက အသင်းဆိုင်ရာကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ရေရှည်တည်တံ့ရေးဆိုင်ရာစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဒါရိုက်တာအဖွဲ့က နှစ်ချုပ်ဘဏ္ဍာရေး စာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။

မြို့နယ် (ပြန်/ဆက်)

## ဓာတ်အားပျောက်ဆုံးမှု လျော့ကျစေရေးနှင့် တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

သာစည် အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့ကျစေရေးနှင့် တရားမဝင်လျှပ်စစ်ဓာတ်အားသုံးစွဲမှုမရှိစေရေး စိစစ်ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၈ရက်နှင့် ၁၉ ရက်တို့တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း သာစည်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်မေသဇင်နှင့်ဝန်ထမ်းများက သာစည်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့ကျစေရေးနှင့် တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမရှိစေရေး၊ မီတာတစ်လုံးထက်ပို၍ တပ်ဆင်သုံးစွဲနေသော မီတာများအား ဓာတ်အားခဘေလ် တစ်စောင်တည်းထုတ်၍ ဓာတ်အားခငွေကောက်ခံနိုင်ရေး၊ ဆီးလ်မရှိသည့်မီတာများအား ဆီးလ်ခတ်ပေးခြင်း၊ အိမ်သုံးနှုန်းဖြင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေခြင်း ရှိ/မရှိတို့ကို စစ်ဆေးဆောင်ရွက်ခြင်းတို့အပြင် မီတာတပ်ဆင်ခြင်းမရှိဘဲ လမ်းမီးများတပ်ဆင်ထားမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရပ်စောက်မြို့နယ်၌ သရက်ရောဂါများကာကွယ်နှိမ်နင်းရေးနှင့် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနည်းပညာပေး ဆွေးနွေး

ရပ်စောက် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် လှဆန်းယဉ်ခန်းမ၌ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက သရက်ရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနည်းပညာပေး ဆွေးနွေးပွဲကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးချိုနိုင်ထွန်းက အမှာစကားပြောကြားပြီး ရပ်စောက်မြို့ သရက်စိုက်ပျိုးထုတ် လုပ်တင်ပို့သူများ အသင်းဥက္ကဋ္ဌ ဦးမြင့်ဦးက ပညာပေးသင်တန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက စိုက်ပျိုးရေးထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာပညာရှင်များက သရက်တွင် ကျရောက်သော ဖျက်ပိုးများအား ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ်များအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ ဓာတ်မြေဩဇာ စနစ်တကျ အချိန်ကိုက်အချိုးကျ သုံးစွဲရေးအကြောင်းများကို ပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## မင်းလှမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇေယျာသီရိဈေးအတွင်းရှိ ဈေးဆိုင်ခန်းများအား ကွင်းဆင်းစစ်ဆေး

**မကွေး အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇေယျာသီရိဈေးအတွင်းရှိဈေးဆိုင်ခန်းများအား ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက် ၉ နာရီတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ဈေးဆိုင်ခန်းများအား လိုက်လံစစ်ဆေးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက် ဦးစီးမှူး ဦးဟိန်းထက်အောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဝန်ထမ်းတို့ ပူးပေါင်းပြီး ဇေယျာသီရိဈေးအတွင်းရှိ မီးချိတ် မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ ထားရှိမှု စားသောက်ဆိုင်နှင့် ဈေးဆိုင်များတွင် မီးလောင်လွယ်သည့် လောင်စာဆီထားရှိမှု ရှိ/မရှိ၊ လျှပ်စစ်ဝါယာပေါက်ပြဲမှု ရှိ/ မရှိ၊ စားသောက်ဆိုင်များအား မီးကြွင်း မီးကျန်များ အထူးဂရုပြု ငြိမ်းသတ်ရန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**



# တိုက်စစ်မှူးဟယ်ရီကိန်း ကလပ်အသင်း သွင်းဂိုး ၄၀၀ ပြည့်မြောက်



အင်္ဂလန်အသင်းနဲ့ ဘိုင်ယန်မြူးနစ် အသင်းတို့ရဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အောက်တိုဘာ ၁၈ ရက်ညပိုင်းက ဒွေ့မွန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်မှာ တစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ကစားသမားဘဝတစ်လျှောက် ကလပ်အသင်းတွေနဲ့ သွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုး ၄၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ ဒွေ့မွန်အသင်းနဲ့ပွဲစဉ်မှာ ပထမပိုင်း ပွဲကစားချိန် ၂၂ မိနစ်မှာ အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ဒုတိယသွင်းဂိုးကိုတော့ ၇၈ မိနစ်မှာ အိုလစ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းကတော့ ဒွေ့မွန်အသင်းနဲ့ ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဘွန်ဒက်လီဂါပွဲစဉ် ခုနစ်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ခုနစ်ပွဲစလုံးအနိုင်ရရှိကာ ရမှတ် ၂၁ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ကစားသမားဘဝဖြတ်သန်းမှု ၁၄ နှစ်နဲ့ ကိုးလအကြာမှာ ကလပ်အသင်း သွင်းဂိုး ၄၀၀ ပြည့်ခဲ့တာဖြစ်ပါတယ်။

ဟယ်ရီကိန်းဟာ ၂၀၂၃ ခုနှစ်က အင်္ဂလန်ပရီမီယာလိဂ်ကလပ် စပါးအသင်းမှ ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ၁၀၇ ပွဲမှာ ၁၀၄ ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ကစားသမားဘဝတစ်လျှောက်မှာ စပါးအသင်းနဲ့အတူ သွင်းဂိုး ၂၈၀၊ လေတန်အောရီးယန့်အသင်းနဲ့အတူ ငါးဂိုး၊ မီဝေါအသင်းနဲ့အတူ ကိုးဂိုး၊ လက်စတာစီးတီးအသင်းနဲ့အတူ နှစ်ဂိုး အသီးသီးသွင်းယူထားတာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ဒွေ့မွန်အသင်းနဲ့ ပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါပွဲစဉ် ခုနစ်ပွဲမှာ သွင်းဂိုး ၁၂ ဂိုးအထိရှိလာခဲ့ပြီလည်း ဖြစ်ပါတယ်။

# အမှတ်ပေးဇယားထိပ်၌ သုံးမှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့ပြီဖြစ်တဲ့ အာဆင်နယ်



အာဆင်နယ် အသင်းဟာ အောက်တိုဘာ ၁၈ ရက်ညပိုင်းက ဖူလ်ဟမ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယား ထိပ်ဆုံးမှာ သုံးမှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အာဆင်နယ် အသင်းဟာ ဖူလ်ဟမ်အသင်းနဲ့ ပွဲစဉ်မှာ ဒုတိယပိုင်းပွဲကစားချိန် ၅၈ မိနစ်မှာ သွင်းယူနိုင်ခဲ့တဲ့ ထရော့ဆတ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ် အသင်းဟာ ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်ပွဲစဉ် ရှစ်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၉ မှတ်ရရှိထားပြီး အမှတ်ပေးဇယားဒုတိယနေရာက မန်စီးတီး အသင်းကို သုံးမှတ်ဖြတ်ထား နိုင်ခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ် အသင်းဟာ အခုပွဲစဉ်မှာ ထောင့်ကန်ဘောကနေတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး ယခုဘောလုံးရာသီမှာ ထောင့်ကန်ဘောကနေ ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ယခုဘောလုံးရာသီမှာ အခြားသောအသင်းတွေထက်ထောင့်ကန်ဘောကနေ ဂိုးသွင်းယူရရှိမှု အကြိမ်ရေ အများဆုံး အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘောလုံးရာသီအစမှ စတင်ကာ လက်ရှိအချိန်အထိ ထောင့်ကန်ဘောကနေ ဂိုးရရှိမှုအကြိမ်ရေ ၆၃ ကြိမ်အထိ ရှိလာခဲ့တာ ဖြစ်ပါတယ်။

# နော်တင်ဟမ်ဖောရက်စ်အသင်းက ပိုစတီကိုလူးကို နည်းပြအဖြစ်မှ ထုတ်ပယ် ဒိုင်ချီနဲ့ မန်စီနီတို့ကို အစားထိုးခန့်အပ်ရန် စီစဉ်နေ



နော်တင်ဟမ်ဖောရက်စ်အသင်းဟာ အောက်တိုဘာ ၁၈ ရက် ညပိုင်းက ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ရှုံးပွဲကြုံခဲ့ရပြီးနောက် အသင်းနည်းပြ ပိုစတီကိုလူးကို ထုတ်ပယ်လိုက်ပြီ ဖြစ်ပါတယ်။

နည်းပြပိုစတီကိုလူးဟာ အခုဘောလုံးရာသီမှာ နော်တင်ဟမ်ဖောရက်စ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာမှာ ပြိုင်ပွဲစုံရှစ်ပွဲအထိ နိုင်ပွဲမရရှိခဲ့တာဖြစ်ပြီး နှစ်ပွဲသရေ ခြောက်ပွဲရှုံးရလဒ် ထွက်ပေါ်ထားတာ ဖြစ်ပါတယ်။

အဲဒီလို ရှုံးပွဲအများအပြားကြုံတွေ့ခဲ့ရတာကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းဟာ ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၁၇) နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

နော်တင်ဟမ်ဖောရက်စ် အသင်းဟာ လက်ရှိအချိန်မှာ နည်းပြ ပိုစတီကိုလူးကိုထုတ်ပယ်ခဲ့ပြီးနောက် အဲဗာတန်အသင်းနည်းပြဟောင်း ဒိုင်ချီနဲ့ မန်စီးတီးအသင်း နည်းပြဟောင်း မန်စီနီတို့ကို အစားထိုးခန့်အပ်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

နည်းပြမန်စီနီကတော့ ၂၀၁၂ ခုနှစ်အတွင်းက မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

# ဘာစီလိုနာအသင်းက ဂျီရိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ



ဘာစီလိုနာ အသင်းဟာ အောက်တိုဘာ ၁၈ ရက် ညပိုင်းက ဂျီရိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် ၁၃ မိနစ်မှာ ပက်ဒရီက တစ်ဂိုး၊ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို သုံးမိနစ်မှာ အာရောဂျို က တစ်ဂိုး သွင်းယူပေးခဲ့ပြီး ဂျီရိုနာအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပထမပိုင်း ပွဲကစားချိန် မိနစ် ၂၀ မှာ ဝစ်ဆယ်က သွင်းယူခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းက ဂျီရိုနာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် ကိုးပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၂ မှတ်နဲ့ အမှတ်ပေးဇယား ထိပ်ဆုံးနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ လက်ရှိအချိန်မှာ အမှတ်ပေးဇယား ဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းကို တစ်မှတ်ဖြတ်ကာ ဇယားထိပ်မှာ ဦးဆောင်လျက်ရှိပြီး ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ရဲ့ အယ်ကလက်စီကို ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၆ ရက်မှာ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

**ဦးမြင့်အောင် (၁၂/ဥကတ(နိုင်)၀၀၅၀၃၈) ဒေါ်စင်ဆွေ (၁၂/ဥကတ(နိုင်)၁၂၄၂၄၁)နှင့် သက်ဆိုင်သူများ သိစေရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၁၄၄၆) နေ ဦးစိုင်းထွန်းကျော် (၉/မတရ(နိုင်)၀၂၃၆၆၇)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းထွန်းကျော်သည် လူကြီးမင်းဦးမြင့်အောင်ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်(ပ-၁၃၇)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက် (ဒေါ်မြမြ - ၁၃/လရန(နိုင်)၀၀၅၈၈၂ ၏ အမည်ပေါက်လျှက်ရှိသော) မြေကွက်အလွတ်ကို (၅-၃-၂၀၂၅)ရက်စွဲပါ မြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် လက်ရောက်လွှဲပြောင်းဝယ်ယူခဲ့ရာ စုစုပေါင်းစရန်ငွေအဖြစ် ငွေကျပ်သိန်း ၈၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းရှစ်ထောင်တိတိ) ပေးချေခဲ့ပြီးဖြစ်သည်ကို လူကြီးမင်းတို့အသိဖြစ်ပါသည်။ ရောင်းဖိုးကျန်ငွေစုစုပေါင်းငွေကျပ် ၁,၄၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်သောင်းလေးထောင်တိတိ)ကို (၃၀-၉-၂၀၂၅)ရက်နေ့တွင် အပြေအကြေပေးချေရန် နှစ်ဦးနှစ်ဖက်သဘောတူကတိရှိကြသည့်အတိုင်း ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါကျန်ငွေအား ပေးချေရန်အတွက် (၂၀-၉-၂၀၂၅)ရက်နေ့တွင် လူကြီးမင်း၏ဇနီး ဒေါ်ခင်ဆွေထံသို့ ဖုန်းဖြင့်ဆက်သွယ်ပြောဆိုခဲ့ရာ လူကြီးမင်းတို့ဘက်မှလက်မခံကြောင်း ငြင်းဆန်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ (၂၁-၉-၂၀၂၅)နေ့မှ(၂၄-၉-၂၀၂၅)နေ့အထိ နေ့စဉ်ဖုန်းဖြင့် ဆက်သွယ်၍ ကျန်ငွေများကိုပေးချေရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း လူကြီးမင်းတို့ဘက်မှ ဖုန်းခေါ်ဆိုမှုကိုလက်မခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ လူကြီးမင်းတို့နေထိုင်ရာ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှတဆင့် (၂၈-၉-၂၀၂၅)ရက်နေ့တွင် အကြောင်းကြားစာပေးပို့ခဲ့ရာတွင်လည်းလက်မခံခဲ့ကြောင်း လူကြီးမင်းတို့ အသိဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှအစပြု၍ (၇)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံဆက်သွယ်၍ အထက်ပါဂရန်မြေကွက်အလွတ်၏ ရောင်းဖိုးကျန်ငွေများအားလုံးကို လူကြီးမင်းတို့မှလက်ခံပြီး အရောင်းအဝယ်စာချုပ်ကိုပြီးဆုံးသည်အထိဆောင်ရွက်ပြီး ဂရန်မူရင်းနှင့်တကွ အဆက်စပ်စာချုပ်မူရင်းများနှင့်အတူ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ နည်းလမ်းတကျ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ကျွန်ုပ်၏မိတ်ဆွေမှ တောင်းဆိုအပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လူကြီးမင်းတို့အား တည်ဆဲတရားဥပဒေတစ်ရပ်ရပ်နှင့်အညီ မလွဲမရှောင်သာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကုန်ကျမည့်တရားစရိတ်ကြေးငွေအဝဝတို့သည်လည်း လူကြီးမင်းတို့၏တာဝန်သာဖြစ်ကြောင်း လူကြီးမင်းနှင့်တကွ သက်ဆိုင်သူများသိစေရန်ကြေညာအပ်ပါသည်။ ညွှန်ကြားချက်အရ -

**ဦးစိန်မင်း A.G.T.I (M.T), LL.B** (စဉ်-၅၀၆၆/၁၉၈၉)
တရားလွှတ်တော်ရှေ့နေ
ရုံး - အခန်း(၃၀၁/၁)၊ တိုက်(၉/၁၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ် - အမှတ် (၃၃၅)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၃၀၀၅၆၉၄၊ ၀၉-၇၉၈၄၅၈၄၀၀

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ဒုစံပြရပ်ကွက်၊ သီတာ(၁)လမ်း၊ အမှတ်(၁၈၉)၊ အကျယ်အဝန်း (၇၀x၂၅)ပေ မြေနှင့် မြေပေါ်ရှိ အခန်း(၁၆)ခန်းတွဲပါ (၂)ထပ်အဆောင်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခန့်ခွဲခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုစုကြည်(ခ)ဒေါ်သီတာ [၁၂/တတန(နိုင်)၀၁၀၅၃၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိန်စိန်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသိန်းထွန်း**
**အထက်တန်းရှေ့နေ (စဉ်–၈၁၇၃)**
**အမှတ်(၃၀၁)၊ တိုက်(၁)၊ ဆရာစံလမ်း၊ (၂၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၄၄၃၀၁၄၅၆၀**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ (၃) လမ်း၊ အမှတ် – ၃၇၃၊ (၄) ထပ်အဆောက်အဦ၏ (မြေညီထပ်) (B–1) (ခြေရင်းခန်း)တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ (အလျား – ၁၂ ½ ပေ x အနံ – ၅၀ ပေ)အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ၁။ ဒေါ်သန္တာ [၁၂/လမန(နိုင်)၁၆၈၇၉၀]၊ ၂။ ဒေါ်ချိုချိုစန်း [၁၂/လမန(နိုင်)၁၆၈၇၈၉]၊ ၃။ ဒေါ်သီတာထွန်း [၁၂/လမန(နိုင်)၁၆၈၇၈၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၃၂၁၄)**
**အမှတ် – ၅၈၇၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

## ပျောက်ဆုံးကြောင်း

ဒေါ်စံပယ်မော်(ဘ)ဦးမန်းမော် [၁၂/အစန(နိုင်)၀၂၅၅၄၀] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၅၃၀၀၈၀၄၉**

## ပျောက်ဆုံးကြောင်း

မနှင်းဦးရွှေရည်(ဘ)ဦးအောင်ကျော်ညွန့် [၁၂/အစန(နိုင်)၂၃၄၉၂၃] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၃၇၉၇၄၆၉**

သင့် သွေး ဖြင့် အသက် ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

